မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၁ ] ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် ( ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက် ) } သောကြာနေ့ [ အတွဲ ၇၀

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၅/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

**တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံအား မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် **"တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ"** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) **ညီလာခံကျင်းပရေးဦးစီးကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ (၂) | နာယက |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၃) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (၄) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | မြို့တော်ဝန်<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၇) | ဝန်ကြီး<br>လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |

(၈) ဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(၉) ဝန်ကြီး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(၁၀) ဝန်ကြီး — အဖွဲ့ဝင်
လျှပ်စစ်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(၁၁) ဝန်ကြီး — အဖွဲ့ဝင်
ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(၁၂) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(၁၃) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၁၄) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(၁၅) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၆) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(၁၇) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(၁၈) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(၁၉) ဥက္ကဋ္ဌ — အဖွဲ့ဝင်
အကြံပေးအဖွဲ့၊ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ

(၂၀) အတွင်းရေးမှူး — အဖွဲ့ဝင်
အကြံပေးအဖွဲ့၊ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ

(၂၁) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) ညီလာခံကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) တတိယအကြိမ် အာရှ - ပစိဖိတ်ရေညီလာခံကို ရန်ကုန်မြို့၌ အောင်မြင်စွာ ကျင်းပနိုင်ရေး လိုအပ်သော လမ်းညွှန်မှုများ ချမှတ်ပေးရန်၊

(၂) အစည်းအဝေးကျင်းပပြုလုပ်ရန် လိုအပ်သောရန်ပုံငွေ ရရှိရေးအတွက် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ Asia Pacific Water Forum နှင့်ညှိနှိုင်း၍ သတ်မှတ်ပေးရန်၊

(၃) လိုအပ်သော ယာဉ်၊ ဆက်သွယ်ရေးကိရိယာနှင့် စက်သုံးဆီရရှိရေးအတွက် ဆပ်ကော်မတီများ၏ တင်ပြချက်များကို လမ်းညွှန်ပေးရန်၊

(၄) အစည်းအဝေးဆိုင်ရာ ဆောင်ရွက်ချက်များကို အခါအားလျော်စွာ နိုင်ငံခြားရေးရာမူဝါဒကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရန်။

**(ဂ) ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ**

(၁) ညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(၃) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(၄) အမှုဆောင်အရာရှိချုပ် — အဖွဲ့ဝင်
မြန်မာအမျိုးသားလေကြောင်း
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(၅) ပါမောက္ခချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(၆) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(၇) အတွင်းရေးမှူး — အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(၈) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၉) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(၁၀) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(၁၁) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၁၂) တိုင်းရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

(၁၃) တိုင်းကျန်းမာရေးဦးစီးမှူး — အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(၁၄) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီး၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၁၅) ဒုတိယဌာနမှူး (ရေ/သန့်) — အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၁၆) အဖွဲ့ဝင် — အဖွဲ့ဝင်
အကြံပေးအဖွဲ့၊ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ

(၁၇) အတွင်းရေးမှူး — အဖွဲ့ဝင်
အကြံပေးအဖွဲ့၊ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ

(၁၈) တွဲဖက်အတွင်းရေးမှူး — အဖွဲ့ဝင်
အကြံပေးအဖွဲ့၊ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ

(၁၉) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အစည်းအဝေးတွင် ဆွေးနွေးမည့် ဘာသာရပ်ဆိုင်ရာ ခေါင်းစဉ်များနှင့်အချက်အလက်များ၊ လိုအပ်သောစာရွက်စာတမ်း အထောက်အထားများနှင့် အချက်အလက်များအား ပြည်တွင်း၊ ပြည်ပ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၂) အစည်းအဝေးကျင်းပရန် ရန်ပုံငွေရှာဖွေရေးနှင့် ခွင့်ပြုငွေကို သက်ဆိုင်ရာ ငွေစာရင်းခေါင်းစဉ်မှ ရယူသုံးစွဲရန်၊

(၃) Asia Pacific Water Forum နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျခံပေးမည့် အစည်းအဝေးကုန်ကျစရိတ်များအတွက် ညှိနှိုင်းဆောင်ရွက်ရန်၊

(၄) အစည်းအဝေးမစတင်မီ ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းကိစ္စရပ်များနှင့် အစည်းအဝေးပြီးဆုံး၍ လုပ်ငန်းအစီရင်ခံစာ တင်ပြချိန်အထိ လုပ်ငန်းအားလုံးအား ကြီးကြပ်ရန်၊

(၅) အစည်းအဝေးတွင် ပါဝင်ဆောင်ရွက်ရမည့်ဝန်ထမ်းများ လွယ်ကူအဆင်ပြေစေရေး ပံ့ပိုးပေးရန်၊

(၆) အစည်းအဝေးသို့တက်ရောက်မည့် ပြည်တွင်း၊ ပြည်ပ ကိုယ်စားလှယ်များအတွက် နေရာထိုင်ခင်းကြိုတင်စီမံထားရှိရန်၊

(၇) ပြန်ကြားရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုဧည့်ခံရေးလုပ်ငန်းများအတွက် စနစ်တကျစီမံထားရှိရန်နှင့် အထိမ်းအမှတ်တံဆိပ် (Logo) နှင့် အဓိကဘာသာရပ် (Theme) တို့ကို စီစဉ်သတ်မှတ်ပေးရန်၊

(၈) အစည်းအဝေးခန်းမနှင့် အလံများ ပြင်ဆင်ခြင်း၊ ဘာသာပြန်ကိစ္စများအတွက် စကားပြန်များ၊ အခမ်းအနားမှူးများ (အင်္ဂလိပ်-မြန်မာ) ကို ကြိုတင်ရွေးချယ်လေ့ကျင့်ပေးခြင်းများ စီစဉ်ဆောင်ရွက်ထားရန်၊

(၉) အစည်းအဝေး၏ဘာသာရပ်ဆိုင်ရာ လုပ်ငန်းများအတွက် အရည်အသွေးပြည့်မီသော အရာရှိများနှင့်ဝန်ထမ်းများ၊ Volunteer များကို ရွေးချယ်လေ့ကျင့်ပေးခြင်း၊ ရုံးသုံးပစ္စည်းများ ကြိုတင်ဖြည့်တင်းထားခြင်း၊ တူညီဝတ်စုံဆင်မြန်းနိုင်ရေးအတွက် ပြင်ဆင်ထားခြင်းတို့အပြင် အစည်းအဝေးဆိုင်ရာရုံးအဖွဲ့ (Secretariat) ဖွဲ့စည်းတာဝန်ပေးအပ်ရန်။

၂။ ဦးစီးကော်မတီသည် အစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရန် လိုအပ်သည့် ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၆၂/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

## ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့ ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ရာ၌ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရင်ပေါင်တန်း၍ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ | အတွင်းရေးမှူး |
| (ဏ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန | တွဲဖက်<br>အတွင်းရေးမှူး |
| (တ) | အထွေထွေအတွင်းရေးမှူး<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | တွဲဖက်<br>အတွင်းရေးမှူး |

၂။ ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ကုန်သွယ်ရေးမူဝါဒနှင့် စီးပွားရေးကဏ္ဍအလိုက် မူဝါဒများကို ခေတ်ကာလနှင့်အညီ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်လျောညီထွေပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရေးတို့ကို အခြေခံလျက် ဆွေးနွေး ညှိနှိုင်းပြုစုတင်ပြရန်။

(ခ) ကုန်သွယ်ရေးမူဝါဒများကို ခေတ်နှင့်အညီ ရေးဆွဲချမှတ်အကောင်အထည်ဖော်ရာတွင် အခက်အခဲ အတားအဆီးရှိနေသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဖြေလျှော့နိုင်ရေး တင်ပြဆောင်ရွက်ရန်။

(ဂ) စီးပွားရေးကဏ္ဍများနှင့် ကုန်သွယ်ရေးလုပ်ငန်းများအကြား ပေါင်းစပ်ညှိနှိုင်းရေး အမျိုးသားလူမှု စီးပွားဖွံ့ဖြိုးမှုကို ရှေးရှုသော ရေတိုရေရှည် မဟာဗျူဟာနှင့် နည်းဗျူဟာများ ရေးဆွဲအကောင် အထည်ဖော်ဆောင်ရွက်ရန်။

(ဃ) စီးပွားရေးလုပ်ငန်းများ လုပ်သာကိုင်သာရှိပြီး ဝန်းကျင်ကောင်းဖြစ်ပေါ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးရေး အတွက် ကဏ္ဍအလိုက် ချက်ချင်းဖြေရှင်းဆောင်ရွက်နိုင်သည်များကို အထူးလုပ်ငန်းအဖွဲ့အစီအစဉ်ဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ရန်။

(င) အထူးလုပ်ငန်းအဖွဲ့အစီအစဉ်ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခြင်းမရှိသည့်ကိစ္စရပ်များကို စီးပွားရေးရာ ကော်မတီသို့တင်ပြ၍ အခြားဆက်စပ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းရန်ရှိသည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရန်။

(စ) ကုန်သွယ်မှုလျှင်မြန်ချောမွေ့ရေးအတွက် One Stop Service ကို ထိရောက်စွာ ကျင့်သုံးဆောင်ရွက်ရာတွင် သက်ဆိုင်သည့်ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန်။

(ဆ) နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ကျွမ်းကျင်သူများနှင့် ညှိနှိုင်းဆွေးနွေးပွဲများကို လိုအပ်သလို ကျင်းပဆောင်ရွက်ရန်။

(ဇ) အခွင့်အလမ်းသာမည့် ပြည်တွင်းပြည်ပဈေးကွက်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် ကုန်သွယ်ရေးမြှင့်တင်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်။

(ဈ) အာဆီယံ လွတ်လပ်သောကုန်သွယ်မှုတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိရေးအတွက် ကဏ္ဍအလိုက် ဆွေးနွေးညှိနှိုင်းအကောင်အထည်ဖော်၍ အာဆီယံစီးပွားရေးဝန်းကျင်ဆိုင်ရာ ပြင်ဆင်မှုများကို အရှိန်မြှင့်ဆောင်ရွက်ရန်။

(ည) ကုန်သွယ်မှု လျှင်မြန်ချောမွေ့စေကာ ကုန်ကျမှုကိုသက်သာစေပြီး စားသုံးသူများအနေဖြင့်လည်း ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်မည့် အခွင့်အရေးများဖြစ်ပေါ်လာစေရန်အတွက် WTO ၏ Trade Facilitation Agreement ကို အကောင်အထည်ဖော်ရာတွင် အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်။

၃။ ပုဂ္ဂလိကကဏ္ဍများမှ တင်ပြလာသည့် မြန်မာ့စီးပွားရေးဖိုရမ်ကဲ့သို့ လုပ်ငန်းဆိုင်ရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

၄။ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့၊ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၁၇)

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်
( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် )

## စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ (မူကြမ်း)
## (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် **နိုင်ငံတော်သမ္မတ**က အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ကော်မတီ**ဆိုသည်မှာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကော်မတီကို ဆိုသည်။

(ဃ) **ဦးစီးဌာန**ဆိုသည်မှာ ဝန်ကြီးဌာနက အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရန် တာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။

(င) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ ဦးစီးဌာန၏ အကြီးအမှူးကို ဆိုသည်။

(စ) **အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်**ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့်ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရပေးအပ်သည့် အခွင့်အရေးကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့်အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်များလည်း ပါဝင်သည်။

(ဆ) **စက်မှုဒီဇိုင်း**ဆိုသည်မှာ မျဉ်းကြောင်းများ၊ ကောက်ကြောင်းများ၊ အရောင်အသွေးများ၊ ပုံသဏ္ဌာန်၊ မျက်နှာပြင်အနေအထား၊ ရက်ထည်အသား၊ ထုတ်ကုန်ပစ္စည်းတို့၏ သွင်ပြင်လက္ခဏာများ သို့မဟုတ် ယင်းတို့၏ အလှအပအဆင်တန်ဆာ သို့မဟုတ် ယင်းတို့၏ သွင်ပြင်လက္ခဏာများနှင့် အလှအပအဆင်တန်ဆာတို့မှ ပေါ်ထွက်လာသော စက်မှုထုတ်ကုန် သို့မဟုတ် လက်မှုထုတ်ကုန် တစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတို့၏ အပြင်ပန်းပုံသဏ္ဌာန်ကို ဆိုသည်။

(ဇ) **ထုတ်ကုန်**ဆိုသည်မှာ စက်မှုပစ္စည်း သို့မဟုတ် လက်မှုပစ္စည်းတစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် အစိတ်အပိုင်းများစွာ ဆက်စပ်ပါဝင်သော စက်မှုပစ္စည်း သို့မဟုတ် လက်မှုပစ္စည်းတွင် တပ်ဆင်ရမည့် အစိတ်အပိုင်းများ၊ ရုပ်ပုံသင်္ကေတများ၊ ပုံနှိပ်စာလုံးပုံသဏ္ဌာန်များ၊ ထုပ်ပိုးမှုနှင့် အပြင်အဆင်တို့ ပါဝင်သည်။ ယင်းစကားရပ်တွင် ကွန်ပျူတာ ပရိုဂရမ်များ မပါဝင်။

(ဈ) **စက်မှုဒီဇိုင်းပိုင်ရှင်**ဆိုသည်မှာ ဦးစီးဌာန၏ မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းပိုင်ရှင်အဖြစ် အသိအမှတ်ပြု မှတ်တမ်းတင်ခြင်းခံရသည့်ပုဂ္ဂိုလ် သို့မဟုတ် တရားဝင် ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

(ည) **ဖန်တီးသူ**ဆိုသည်မှာ စက်မှုဒီဇိုင်းတစ်ခုခုအား ဖန်တီးသူကို ဆိုသည်။

(ဋ) **အခွင့်အရေးရရှိသူ**ဆိုသည်မှာ စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ယင်း၏ အခွင့်အရေးများကို တရားဝင် ခံစားခွင့်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

(ဌ) **အလုပ်ရှင်**ဆိုသည်မှာ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ နှုတ်ဖြင့်သဘောတူညီသော အခကြေးငွေဖြင့် အလုပ်သမားတစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ငှားရမ်းလုပ်ကိုင်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စီမံကွပ်ကဲအုပ်ချုပ်ပြီး အလုပ်သမားအတွက် လုပ်ခပေးရန်၊ အလုပ်ခန့်ထားရန်နှင့် အလုပ်မှရပ်စဲရန် တာဝန်ရှိသူတစ်ဦးဦး၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ ပုဂ္ဂလိကပိုင်လုပ်ငန်းတွင် အလုပ်ရှင်ကွယ်လွန်ပါက ယင်း၏ တရားဝင်အမွေဆက်ခံသူနှင့် အစုရှယ်ယာ တရားဝင်လက်ခံရရှိသူတို့လည်း ပါဝင်သည်။

(ဍ) **အလုပ်သမား**ဆိုသည်မှာ မိမိ၏ ကာယအား၊ ဉာဏအားကိုအသုံးပြု၍ လုပ်ကိုင်ရရှိသောလုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနေရသူကို ဆိုသည်။ ယင်းစကားရပ်တွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်၏ ဝန်ထမ်းများလည်း ပါဝင်သည်။

(ဎ) **အဖွဲ့ဝင်နိုင်ငံ**ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံ တစ်ခုခုကို ဆိုသည်။

(ဏ) **တရားရုံး**ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် ဥပဒေအရ တည်ထောင်သောတရားရုံးကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရ တရားရုံးများတည်ထောင်ခြင်းမပြုမီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းထားသည့် တရားရုံးများလည်း ပါဝင်သည်။

(တ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်သည့် ဦးစီးဌာနရှိ ညွှန်ကြားရေးမှူးအောက်မနိမ့်သော အရာရှိကို ဆိုသည်။

(ထ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ စစ်ဆေးမှုများဆောင်ရွက်သည့် ဦးစီးဌာနရှိ ဦးစီးအရာရှိနှင့်အထက်အဆင့်ရှိသော အရာရှိကို ဆိုသည်။

(ဒ) **ဦးစားပေးအခွင့်အရေး**ဆိုသည်မှာ ပုဒ်မ ၃၆ ပါ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

(ဓ) **ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး**ဆိုသည်မှာ ပုဒ်မ ၃၇ ပါ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ဖန်တီးသူတို့၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊

(ခ) စက်မှုဒီဇိုင်းဖန်တီးမှုများကို အကာအကွယ်ပေးခြင်းဖြင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊

(ဂ) စက်မှုဒီဇိုင်းနည်းပညာ တိုးတက်လာစေရေးနှင့် ပြန့်ပွားရေးကို အထောက်အကူပြုစေရန်၊

(ဃ) ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝ သာယာဝပြောရေးကို အပြန်အလှန် အကျိုးပြုစေရန်၊

(င) ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများ၏ အခွင့်အရေးနှင့် စောင့်ထိန်းရမည့် တာဝန်ဝတ္တရားများ အကြား ဟန်ချက်ညီနိုင်ရေးတို့တွင် အထောက်အကူဖြစ်စေရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူများနှင့် ပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ကော်မတီဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်တွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ် ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသားအဆင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များချမှတ်ခြင်းနှင့် ယင်းတို့အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊

(ခ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် အကြံပြုတင်ပြခြင်း၊

(ဂ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၄)
## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၆။ ဦးစီးဌာနသည် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စီမံခန့်ခွဲနိုင်ရန်နှင့်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ခ) ကော်မတီကချမှတ်သော အမျိုးသားအဆင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် ကော်မတီသို့ လေ့လာတင်ပြခြင်း၊

(ဃ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရေး အတွက် လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းနိုင်ရန်နှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်နိုင်ရန်အတွက် ကော်မတီသို့ အကြံပြုတင်ပြခြင်း၊

(င) နိုင်ငံတော်ကအဖွဲ့ဝင်အဖြစ်ပါဝင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(စ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြည်တွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့် တံဆိပ်တုံးကို အတည်ပြုသတ်မှတ်ခြင်း၊

(ဇ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဈ) ဤဥပဒေနှင့်အညီ ကောက်ခံရမည့် အခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ည) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များကို ထုတ်ပြန်ကြေညာခြင်း၊

(ဋ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊

(ဌ) ပြည်ထောင်စုအစိုးရအဖွဲ့၊ ဝန်ကြီးဌာနနှင့် ကော်မတီတို့က အခါအားလျော်စွာပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## **အခန်း (၅)**

## **မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိများ ခန့်အပ်ခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း**

၇။ ညွှန်ကြားရေးမှူးချုပ်သည် ဦးစီးဌာနတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်သည့် မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိတို့ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်နိုင်သည်။

၈။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် စစ်ဆေးရေးအရာရှိ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(ဃ) ကော်မတီနှင့်ဦးစီးဌာနတို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၉။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းများကို စစ်ဆေးခြင်း၊

(ခ) စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဂ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သောပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်း အထောက်အထားများတောင်းခံရန် လိုအပ်ပါက မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဃ) စက်မှုဒီဇိုင်းလျှောက်ထားချက်ကို စစ်ဆေးပြီးနောက် မှတ်ပုံတင်ပေးရန် သင့် မသင့် သဘောထား မှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(င) ကော်မတီ၊ ဦးစီးဌာနနှင့် မှတ်ပုံတင်အရာရှိတို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၆)

## အကာအကွယ်ရရှိနိုင်သော စက်မှုဒီဇိုင်း

၁၀။ စက်မှုဒီဇိုင်းတစ်ရပ်ရပ်သည် အသစ်ဖြစ်သည့်အပြင် တုပမှုကင်းစွာ ဖန်တီးထားခြင်းဖြစ်ပါက အကာအကွယ်ရရှိမည်။

၁၁။ နိုင်ငံတော်တွင် စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသည့် နေ့ရက်မတိုင်မီ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားပါက ယင်းဦးစားပေးအခွင့်အရေးတောင်းဆိုသည့် နေ့ရက်မတိုင်မီ ယင်းစက်မှုဒီဇိုင်းကို အများပြည်သူသိရှိစေရန် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ စာဖြင့် ဖော်ပြခြင်း၊ အသုံးပြုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ခင်းကျင်းပြသခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ထုတ်ဖော်အသိပေးခဲ့ခြင်း မရှိလျှင် ယင်းစက်မှုဒီဇိုင်းသည် အသစ်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၂။ စက်မှုဒီဇိုင်းသည် အများသိရှိထားပြီးဖြစ်သော စက်မှုဒီဇိုင်း၏ သွင်ပြင်လက္ခဏာများစုပေါင်းထားခြင်း ဖြစ်လျှင် သို့မဟုတ် အများသိရှိထားပြီးဖြစ်သော စက်မှုဒီဇိုင်းများနှင့် သိသာထင်ရှားစွာ ကွဲပြားခြားနားမှုမရှိလျှင် ယင်းစက်မှုဒီဇိုင်းသည် အသစ်ဖြစ်သည်ဟု မှတ်ယူခြင်းမပြုရ။

## အခန်း (၇)

## အကာအကွယ်မရရှိနိုင်သော စက်မှုဒီဇိုင်း

၁၃။ အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် စက်မှုဒီဇိုင်းသည် အကာအကွယ်မရရှိစေရ -

(က) နည်းပညာဆိုင်ရာ သို့မဟုတ် လုပ်ဆောင်ချက်ဆိုင်ရာ ဖန်တီးပြုလုပ်မှုများ၊

(ခ) အများပြည်သူ၏ အေးချမ်းတည်ငြိမ်မှုကိုဖြစ်စေ၊ ကိုယ်ကျင့်သိက္ခာကိုဖြစ်စေ၊ ယုံကြည်ကိုးကွယ်မှုကို ဖြစ်စေ၊ နိုင်ငံတော်၏ အမွန်အမြတ်ထားအပ်သော ယဉ်ကျေးမှုကိုဖြစ်စေ ထိပါးမှုများ။

## အခန်း (၈)

## စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခွင့်ရှိသူများ

၁၄။ စက်မှုဒီဇိုင်းတစ်ခုခုကို ဖန်တီးသူကဖြစ်စေ၊ ယင်း၏ တရားဝင်အမွေဆက်ခံသူကဖြစ်စေ၊ ယင်း၏ တရားဝင်လွှဲပြောင်းခြင်းခံရသူကဖြစ်စေ အဆိုပါစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။

၁၅။ စက်မှုဒီဇိုင်းတစ်ခုကို တစ်ဦးထက်ပိုသူများက ပူးတွဲဖန်တီးခဲ့ခြင်းဖြစ်လျှင် ယင်းတို့အားလုံးသည် အဆိုပါ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပူးတွဲလျှောက်ထားခွင့်ရှိသည်။

၁၆။ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ၊ ယင်းသဘောတူညီချက်၏ အကျိုးဆက်အရဖြစ်စေ စက်မှုဒီဇိုင်းတစ်ခုကို ဖန်တီးသည့်အခါ -

(က) အလုပ်သမားက စက်မှုဒီဇိုင်းတစ်ခုကို ဖန်တီးရာတွင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိပါက အလုပ်ရှင်ကသာ ယင်းစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။

(ခ) စက်မှုဒီဇိုင်းကို ဖန်တီးပြီးကြောင်း အလုပ်သမားက အလုပ်ရှင်ထံ စာဖြင့်ဆက်သွယ်အကြောင်းကြားသည့် နေ့ရက်မှ ခြောက်လအတွင်း အဆိုပါစက်မှုဒီဇိုင်းကို အလုပ်ရှင်က မှတ်ပုံတင်လျှောက်ထားရန် အခွင့်အရေးကို ပျက်ကွက်ခဲ့လျှင် စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူပြီး အလုပ်သမားသည် ယင်းစက်မှု ဒီဇိုင်းကို မှတ်ပုံတင် လျှောက်ထားခွင့်ရှိသည်။

(ဂ) အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ကုန်ဆုံးပြီးနောက် တစ်နှစ်အတွင်း ပြုလုပ်သည့် စက်မှုဒီဇိုင်းအား မှတ်ပုံတင်လျှောက်ထားရာတွင် အဆိုပါစက်မှုဒီဇိုင်းသည် ယခင်အလုပ်ရှင်၏ လုပ်ငန်းနယ်ပယ်အတွင်း ယင်း၏ အလုပ်သမားက ဖန်တီးခဲ့သော စက်မှုဒီဇိုင်းဖန်တီးမှုမျိုးဖြစ်လျှင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါအချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိသည့်အပြင် အလုပ်သမားက ဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထားတင်ပြနိုင်ခြင်းမရှိပါက ကုန်ဆုံးပြီးသော အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ ဖန်တီးခဲ့သည့် စက်မှုဒီဇိုင်းဖြစ်သည်ဟု မှတ်ယူပြီး ယခင် အလုပ်ရှင်မှ အဆိုပါစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။ သို့ရာတွင် အောက်ပါအခြေအနေတစ်ရပ်ရပ်၌ အလုပ်သမားကသာ မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည် -

(၁) ယခင်အလုပ်ရှင်က အဆိုပါစက်မှုဒီဇိုင်းဖန်တီးမှုအပေါ် လျှောက်ထားမှုမရှိကြောင်း သဘောတူညီခြင်း၊

(၂) အလုပ်သမားက တင်ပြသည့် သက်သေခံ အထောက်အထားအပေါ် ယခင်အလုပ်ရှင်မှ ငြင်းဆိုမှု မပြုနိုင်ခြင်း၊

(၃) ပုဒ်မခွဲ (ခ) အရ ယခင်အလုပ်ရှင်က မှတ်ပုံတင်လျှောက်ထားရန် ပျက်ကွက်သဖြင့် အလုပ်သမားက လျှောက်ထားခြင်း။

(ဃ) အလုပ်ရှင်၏ တာဝန်ပေးချက်အရမဟုတ်ဘဲ ယင်း၏ လုပ်ငန်းနယ်ပယ်နှင့်ဆက်နွှယ်နေသော စက်မှုဒီဇိုင်းတစ်ခုကို အလုပ်ရှင်၏ ပစ္စည်းကိရိယာ၊ အချက်အလက် သို့မဟုတ် နည်းပညာကို အသုံးပြု၍ အလုပ်သမားက ဖန်တီးရာတွင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိပါက အလုပ်သမားကသာ ယင်းစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။

(င) အလုပ်သမားသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ) တို့တွင် ဖော်ပြထားသော စက်မှုဒီဇိုင်းဖန်တီးခြင်းမှတစ်ပါး အခြားသော စက်မှုဒီဇိုင်းဖန်တီးမှုကို ပြုလုပ်ခဲ့လျှင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိပါက ယင်းစက်မှုဒီဇိုင်းအတွက် အလုပ်သမားကသာ မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။

## အခန်း (၉)
## လျှောက်ထားခြင်း

၁၇။ ဤဥပဒေအရ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခွင့်ရှိသူသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေးကို ရရှိလိုပါက စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၈။ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(က) စက်မှုဒီဇိုင်းထုတ်ကုန်များ သို့မဟုတ် ထုတ်ကုန်တွင် အသုံးပြုထားသည့် စက်မှုဒီဇိုင်းများသည် လိုကာနိုသဘောတူညီချက်တွင် ဖော်ပြထားသည့် အပြည်ပြည်ဆိုင်ရာ စက်မှုဒီဇိုင်း အမျိုးအစားခွဲခြားသတ်မှတ်ခြင်း သဘောတူညီချက်ပါ အမျိုးအစားတစ်ခုတည်းတွင် အကျုံးဝင်ပါက တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော စက်မှုဒီဇိုင်းများကို လျှောက်လွှာတစ်စောင်တည်းတွင် လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်လျှောက်ထားချက်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသားနိုင်သည်။

(ဂ) မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုပေးရန် မှတ်ပုံတင်အရာရှိက တောင်းဆိုခဲ့လျှင် ဘာသာပြန်ဆိုပေးရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ဘာသာပြန်ဆိုချက်ဖြစ်လျှင် လျှောက်ထားသူက မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးရမည်။

၁၉။ (က) စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် မှတ်ပုံတင်လျှောက်ထားချက်တွင် အောက်ပါအချက်များဖော်ပြရမည် -

(၁) မှတ်ပုံတင်ပေးရန် တောင်းဆိုချက်၊

(၂) လျှောက်ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အမည်နှင့် နေရပ်လိပ်စာ၊

(၃) လျှောက်ထားသူက ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏ အမည်နှင့်နေရပ်လိပ်စာ၊

(၄) စက်မှုဒီဇိုင်း၏ ရှင်းလင်းပြည့်စုံသော ဖော်ပြချက်၊

(၅) စက်မှုဒီဇိုင်းပါရှိသည့် သို့မဟုတ် စက်မှုဒီဇိုင်းဖြင့် ရုပ်လုံးဖော်ထားသည့် ထုတ်ကုန်များ၏ အညွှန်း။

(ခ) ပုဒ်မခွဲ (က) ပါ အချက်များအပြင် လိုအပ်ပါက အောက်ပါအချက်များကိုလည်း ပူးတွဲတင်ပြရမည် -

(၁) လျှောက်ထားသူသည် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအတွက် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါအဖွဲ့အစည်း၏ မှတ်ပုံတင်အမှတ်၊ အမျိုးအစားနှင့် နိုင်ငံအမည်၊

(၂) လျှောက်ထားသူသည် ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ဦးစားပေးအခွင့်အရေးရှိကြောင်း ခိုင်လုံသည့်အထောက်အထား ဖော်ပြချက်တို့နှင့်အတူ ဦးစားပေးအခွင့်အရေး တောင်းဆိုချက်၊

(၃) လျှောက်ထားသူသည် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရှိကြောင်း ခိုင်လုံသည့်အထောက်အထားဖော်ပြချက်တို့နှင့်အတူ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုချက်၊

(၄) ဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များ။

၂၀။ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသော စက်မှုဒီဇိုင်းလျှောက်ထားချက်ကို ဦးစီးဌာနက လက်ခံရရှိသည့် နေ့ရက်သည် မှတ်ပုံတင်လျှောက်ထားချက်တင်သွင်းသည့်နေ့ရက် ဖြစ်သည်ဟု မှတ်ယူရမည်။

၂၁။ (က) ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော စက်မှုဒီဇိုင်းများကို မတူညီသော နေ့ရက်အသီးသီးတွင် တစ်ဦးထက်ပိုသူများက မှတ်ပုံတင်လျှောက်ထားခြင်းဖြစ်လျှင် လျှောက်ထားချက်အစောဆုံး တင်သွင်းသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် လျှောက်ထားသူအသီးသီးက ဦးစားပေးအခွင့်အရေး သို့မဟုတ် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို တောင်းဆိုလျှောက်ထားလာခြင်းဖြစ်လျှင် ဦးစားပေးအခွင့်အရေး နေ့ရက်အစောဆုံးပါရှိသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

၂၂။ ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော စက်မှုဒီဇိုင်းများကို မှတ်ပုံတင်ပေးရန် တစ်ဦးထက်ပိုသူများက တစ်နေ့တည်းတွင် လျှောက်ထားလာပါက သို့မဟုတ် တူညီသော ဦးစားပေးနေ့ရက်ကို တောင်းဆိုလျှောက်ထားလာပါက -

(က) မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူအချင်းချင်း ဆွေးနွေးညှိနှိုင်းပြီး စက်မှုဒီဇိုင်းလျှောက်ထားသူအဖြစ် သတ်မှတ်ပေးစေလိုသူ၏အမည်ကို သတ်မှတ်သည့်ကာလအတွင်း ပြန်လည်တင်ပြရန် လျှောက်ထားသူအားလုံးကို ညွှန်ကြားရမည်။

(ခ) လျှောက်ထားသူများသည် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်နှင့်အညီ ယင်းတို့အချင်းချင်း ဆွေးနွေးညှိနှိုင်းချက်အရ စက်မှုဒီဇိုင်းလျှောက်ထားသူအဖြစ် သတ်မှတ်ပေးရန် သဘောတူညီခြင်း

ခံရသူ၏ အမည်ကိုသော်လည်းကောင်း၊ ပူးတွဲလျှောက်ထားသူများအဖြစ် သတ်မှတ်ပေးစေလိုပါက ယင်းအချက်ကိုသော်လည်းကောင်း မှတ်ပုံတင်အရာရှိထံ ပြန်လည်တင်ပြရမည်။

(ဂ) မှတ်ပုံတင်အရာရှိက လျှောက်ထားသူများအားလုံးကို ပုဒ်မခွဲ (က) အရ ညွှန်ကြားသော်လည်း ယင်းတို့အချင်းချင်း သဘောတူညီမှုမရရှိခဲ့လျှင် မည်သည့်လျှောက်ထားသူ၏ စက်မှုဒီဇိုင်းကိုမျှ ခွင့်မပြုရ။

၂၃။ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(က) မှတ်ပုံတင်အရာရှိက စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းမပြုမီ ဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ချက် မချမှတ်မီဖြစ်စေ လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်း အထောက်အထား တစ်ခုခုတွင် ပါရှိသည့် စာအရေးအသား အမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) စက်မှုဒီဇိုင်း တစ်ခုထက်ပို၍ ပါဝင်သော လျှောက်ထားချက်တွင် စက်မှုဒီဇိုင်းအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ရုပ်သိမ်းပေးရန် လျှောက်ထားနိုင်သည်။

(ဂ) စက်မှုဒီဇိုင်းအများအပြားပါဝင်သော မည်သည့်လျှောက်ထားချက်ကိုမဆို နှစ်စောင် သို့မဟုတ် နှစ်စောင်ထက်ပိုသော လျှောက်ထားချက်အသစ်များအဖြစ် ခွဲခြားပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး လျှောက်ထားနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ မှတ်ပုံတင်ပေးရန်ခွဲခြား၍ လျှောက်ထားချက်အသစ်များအဖြစ် တင်သွင်းရာတွင် မူလလျှောက်ထားသည့်နေ့ရက်ကို လျှောက်ထားချက် တင်သွင်းသည့်နေ့ရက်အဖြစ် မှတ်ယူရမည်။

၂၄။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၃ ပါ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

## အခန်း (၁၀)
## စစ်ဆေးခြင်း၊ ကန့်ကွက်ခြင်းနှင့် မှတ်ပုံတင်ခြင်း

၂၅။ စစ်ဆေးရေးအရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိကိုလည်းကောင်း၊ ပုဒ်မ ၁၉ ပါ အချက်များ ပြည့်စုံစွာ ပါဝင်ခြင်း ရှိ မရှိကိုလည်းကောင်း စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့်ညီညွတ်သော လျှောက်ထားချက်များကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ခ) ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိကိုလည်းကောင်း၊ ပုဒ်မ ၁၉ ပါ အချက်များ ပြည့်စုံစွာပါဝင်ခြင်း ရှိ မရှိကိုလည်းကောင်း စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း မရှိသော လျှောက်ထားချက်ကို လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိပါက အဆိုပါ လျှောက်ထားချက်ကို စွန့်လွှတ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ သတ်မှတ်သည့် အချိန်ကာလအတွင်း လျှောက်ထားချက်တွင် လိုအပ်သည့် ပြင်ဆင် ဖြည့်စွက်ချက်များ လက်ခံရရှိပါက စိစစ်၍ လျှောက်ထားချက်ကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ဃ) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဆ) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျုံးဝင်ခြင်းမရှိသော စက်မှုဒီဇိုင်းဖြစ်လျှင် သော်လည်းကောင်း၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) ပါ အကာအကွယ်မရရှိနိုင်သော စက်မှုဒီဇိုင်းဖြစ်လျှင်

သော်လည်းကောင်း လျှောက်ထားချက်ကို ငြင်းပယ်နိုင်ရန် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၂၆။ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(က) သတ်မှတ်သည့် အချိန်ကာလအတွင်း လိုက်နာရန်ပျက်ကွက်ခဲ့ပြီး အဆိုပါ ပျက်ကွက်ခဲ့မှုကြောင့် သက်ဆိုင်ရာ စက်မှုဒီဇိုင်းလျှောက်ထားချက်နှင့်စပ်လျဉ်းသည့် အခွင့်အရေးဆုံးရှုံးမှု ဖြစ်ပေါ်စေမည်ဆိုပါက အောက်ပါအချက်များနှင့် ကိုက်ညီလျှင် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် ပြန်လည်လျှောက်ထားနိုင်သည် -

(၁) သတ်မှတ်သည့်အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုကြောင့် စွန့်လွှတ်ခံရသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း တောင်းဆိုချက်တစ်ရပ်ကို တင်ပြခြင်း၊

(၂) သတ်မှတ်သည့်အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုနှင့်ပတ်သက်သည့် ရှင်းလင်းချက်များ၊ သတင်းအချက်အလက်များ သို့မဟုတ် လိုအပ်ချက်များအားလုံးကို ပူးတွဲတင်ပြခြင်း၊

(၃) သတ်မှတ်သည့်အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုအတွက် အကြောင်းပြချက်များကို တောင်းဆိုချက်တွင် ဖော်ပြခြင်း၊

(၄) သတ်မှတ်သည့်အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုမှာ မရည်ရွယ်ဘဲ ဖြစ်ပေါ်ခဲ့ကြောင်း မှတ်ပုံတင်အရာရှိက တွေ့ရှိခြင်း၊

(၅) အခကြေးငွေပေးသွင်းပြီးဖြစ်ခြင်း။

(ခ) အယူခံတင်သွင်းထားသည့် ကာလအတွင်း ပုဒ်မခွဲ (က) အရ လျှောက်ထားချက်နှင့်စပ်လျဉ်းသည့် အခွင့်အရေး ပြန်လည်ပေးအပ်ရန် တောင်းဆိုလာလျှင် မှတ်ပုံတင်အရာရှိက ဆိုင်းငံ့ထားရမည်။

၂၇။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) စက်မှုဒီဇိုင်းလျှောက်ထားချက်နှင့်စပ်လျဉ်းသည့် အခွင့်အရေးဆုံးရှုံးမှု ဖြစ်ပေါ်စေမည်ဆိုပါက စွန့်လွှတ်ပြီးသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) အရ ပြန်လည်လျှောက်ထားလာလျှင် အဆိုပါ တောင်းဆိုချက်ကို စိစစ်၍ ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၈၊ ပုဒ်မ ၁၉ တို့နှင့် ညီညွတ်သော လျှောက်ထားချက်ကို အများပြည်သူသိရှိစေရန်နှင့် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန်အလို့ငှာ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) လျှောက်ထားသူက ပုဒ်မ ၃၃ အရ ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုလျှင် ရွှေ့ဆိုင်းသည့် ကာလကုန်ဆုံးသည့် နေ့ရက်မတိုင်မီ ယင်းစက်မှုဒီဇိုင်းအား ထုတ်ပြန်ကြေညာခြင်း မပြုရ။

၂၈။ စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း အောက်ဖော်ပြပါ အကြောင်းပြချက်တစ်ရပ်ရပ်ဖြင့် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာတင်သွင်းနိုင်သည် -

(က) စက်မှုဒီဇိုင်းသည် ပုဒ်မ ၂၊ ပုဒ်မခွဲ (ဆ) တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျုံးဝင်မှု မရှိခြင်း၊

(ခ) စက်မှုဒီဇိုင်းသည် အသစ် မဖြစ်ခြင်း၊

(ဂ) ပုဒ်မ ၁၃ ပါ အကာအကွယ် မရရှိနိုင်သော အချက်များဖြစ်ခြင်း၊

(ဃ) လျှောက်ထားသူသည် မှတ်ပုံတင်လျှောက်ထားခွင့်ရှိသူ မဟုတ်ကြောင်း ခိုင်လုံသော သက်သေခံ အထောက်အထား ပေါ်ပေါက်လာခြင်း။

၂၉။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာကို လက်ခံရရှိပါက သတ်မှတ်သည့် အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံချေပနိုင်ရန် လျှောက်ထားသူထံ အကြောင်းကြားစာ ပေးပို့ရမည်။

၃၀။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) အများပြည်သူ သိရှိစေရန် ထုတ်ပြန်ကြေညာသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်လွှာ တင်သွင်းခြင်းမရှိပါက အဆိုပါ စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုနိုင်သည်။

(ခ) ကန့်ကွက်လွှာ တင်သွင်းလာပါက ကန့်ကွက်ချက်ကို စိစစ်ဆေးပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားရှိပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့အပြင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဃ) မှတ်ပုံတင်ခြင်းကို ခွင့်ပြုလျှင် စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူသို့ ထုတ်ပေးရမည်။

၃၁။ စက်မှုဒီဇိုင်းပိုင်ရှင်သည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်မူရင်း ပျက်စီး သို့မဟုတ် ပျောက်ဆုံးပါက မိတ္တူမှန် ထပ်မံထုတ်ပေးရန် ဦးစီးဌာနသို့ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကိုလည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၃၂။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၃၁၊ ပုဒ်မခွဲ (က) ပါ လျှောက်ထားချက်ကို စိစစ်ပြီး စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ် မိတ္တူမှန်ကို ထုတ်ပေးရမည်။

(ခ) ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ) ပါ လျှောက်ထားချက်ကို စိစစ်ပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

## အခန်း (၁၁)
## ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းခြင်း

၃၃။ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားသူသည် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ စက်မှုဒီဇိုင်း ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန်နှင့် ရွှေ့ဆိုင်းပေးစေလိုသည့်ကာလကို လျှောက်ထားချက်တွင် ဖော်ပြ၍ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ အဆိုပါ ရွှေ့ဆိုင်းပေးစေလိုသည့်ကာလသည် စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားသည့်နေ့ရက်မှ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုထားလျှင် ယင်း တောင်းဆိုသည့်နေ့ရက်မှ ၁၈ လထက် မပိုစေရ။

၃၄။ လျှောက်ထားသူသည် ပုဒ်မ ၃၃ အရ စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုထားပြီးဖြစ်သော်လည်း အဆိုပါကာလအတွင်း မည်သည့်အချိန်တွင်မဆို ထိုတောင်းဆိုချက်ကို ရုပ်သိမ်းပေးရန်နှင့် ထုတ်ပြန်ကြေညာပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၃၅။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို -

(က) ပုဒ်မ ၃၃ အရ ရွှေ့ဆိုင်းလျှင် မှတ်ပုံတင်စာရင်းတွင် ယင်းအချက်အား မှတ်တမ်းတင်ထားပြီး စက်မှုဒီဇိုင်းနှင့် သက်ဆိုင်သည့် စာတွဲကို လျှို့ဝှက်ထားရှိရမည်။

(ခ) ရွှေ့ဆိုင်းထားသည့် ကာလအတွင်း ထုတ်ပြန်ကြေညာခြင်းအား ရွှေ့ဆိုင်းထားကြောင်းနှင့် လျှောက်ထားသူမှာ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြချက်၊ လျှောက်ထားချက်တင်သွင်းသည့် နေ့ရက်၊ တောင်းဆိုထားသည့် ကာလနှင့် အခြားသတ်မှတ်ထားသော အချက်အလက်များအား ထုတ်ပြန်ကြေညာရမည်။

(ဂ) ရွှေ့ဆိုင်းထားသည့် သတ်မှတ်ကာလကုန်ဆုံးလျှင် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၂)
## ဦးစားပေးအခွင့်အရေး

၃၆။ ပါရီကွန်ဗင်းရှင်းနိုင်ငံ သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခဲ့သူ သို့မဟုတ် ထိုလျှောက်ထားသူ၏ လွှဲပြောင်းပေးခြင်းခံရသူသည် ပထမလျှောက်ထားခဲ့သည့် နေ့ရက်မှ ခြောက်လအတွင်း ဦးစီးဌာန၌ တူညီသောစက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားလျှင် ဦးစားပေးအခွင့်အရေးခံစားရမည်။

၃၇။ ပါရီကွန်ဗင်းရှင်းနိုင်ငံ သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် သက်ဆိုင်ရာနိုင်ငံ အစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ၌ ခင်းကျင်း ပြသခဲ့သည့် စက်မှုဒီဇိုင်းအတွက် စတင်ခင်းကျင်းပြသခဲ့သည့် နေ့ရက်မှ ခြောက်လအတွင်း ဦးစီးဌာန၌ တူညီသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး ခံစားရမည်။

၃၈။ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် ပုဒ်မ ၃၆ အရ လျှောက်ထားသည့် နေ့ရက်မှ စတင်ရရှိသည့် ဦးစားပေးအခွင့်အရေးကာလထက် မကျော်လွန်စေရ။

## အခန်း (၁၃)
## မှတ်ပုံတင်သက်တမ်းနှင့် မှတ်ပုံတင်သက်တမ်းတိုးခြင်း

၃၉။ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်း၏ မှတ်ပုံတင်သက်တမ်းသည် စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့် နေ့ရက်မှစ၍ ငါးနှစ် ဖြစ်သည်။ တစ်ကြိမ်လျှင် ငါးနှစ်စီဖြင့် ၁၅ နှစ်အထိ သက်တမ်း တိုးနိုင်သည်။

၄၀။ စက်မှုဒီဇိုင်းပိုင်ရှင်သည် မှတ်ပုံတင်သက်တမ်းကာလကို တိုးလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက် ရမည် -

(က) မှတ်ပုံတင်သက်တမ်းကာလ ကုန်ဆုံးမည့်နေ့ရက် မတိုင်မီ ခြောက်လအတွင်း မှတ်ပုံတင်သက်တမ်း တိုးပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်း၍ လျှောက်ထားရမည်။

(ခ) မှတ်ပုံတင်သက်တမ်းကာလ ကုန်ဆုံးပြီးနောက် လျှောက်ထားခြင်းဖြစ်ပါက အထူးအခွင့်အရေး အဖြစ်ပေးသော ခြောက်လအတွင်း လျှောက်ထားခွင့်ရှိသည်။ ယင်းသို့ လျှောက်ထားသည့်အခါ သတ်မှတ်သည့် မှတ်ပုံတင်ကြေးနှင့် ရက်လွန်ကြေးများကို ပေးသွင်းရမည်။

၄၁။ မှတ်ပုံတင်အရာရှိသည် -

(က) သတ်မှတ်ချက်နှင့်ညီညွတ်သော မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားချက်ကို ခွင့်ပြုရမည်။ မှတ်ပုံတင်သက်တမ်းတိုးခြင်းသည် ယခင်မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် နေ့ရက်မှစ၍ အကျိုး သက်ရောက်မှုရှိရမည်။

(ခ) မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားချက်ကို စိစစ်၍ သတ်မှတ်ချက်နှင့် ညီညွတ်ပါက ငါးနှစ်သက်တမ်းတိုးပေးပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) မှတ်ပုံတင်သက်တမ်းတိုးခြင်းနှင့် အခကြေးငွေပေးသွင်းခြင်းတို့ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရမည်။

(ဃ) မှတ်ပုံတင်သက်တမ်းတိုးခြင်းအတွက် အခကြေးငွေကို အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း စက်မှုဒီဇိုင်းပိုင်ရှင်က ပေးသွင်းခြင်းမရှိလျှင် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခြင်းမှ ရုပ်သိမ်းရမည်။

(င) ရုပ်သိမ်းသွားသည့် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခြင်းမှ ရုပ်သိမ်းကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

## **အခန်း (၁၄)**
## **မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများ**

၄၂။ စက်မှုဒီဇိုင်းပိုင်ရှင်သည် အခန်း (၁၃) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပါက မှတ်ပုံတင်သက်တမ်းကာလအတွင်း ဤအခန်းပါ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၄၃။ စက်မှုဒီဇိုင်းပိုင်ရှင်သည် ပုဒ်မ ၄၆ နှင့် ပုဒ်မ ၄၇ တို့ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ -

(က) သီးသန့်အခွင့်အရေးအဖြစ် -

(၁) ဤဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို မူပွားထားသည့် သို့မဟုတ် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်း၏ အဓိကအချက်များကို မူပွားထားသည့် စက်မှုဒီဇိုင်း ပါဝင်သော သို့မဟုတ် ရုပ်လုံးဖော်ထားသော ထုတ်ကုန်များအား စီးပွားရေးအလို့ငှာ အခြားသူ တစ်ဦးဦးက ယင်း၏ သဘောတူညီချက်မပါဘဲ ပြုလုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်းတို့ကို ကာကွယ်တားဆီးခွင့်ရှိသည်။

(၂) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများကို ထိပါးချိုးဖောက်သူအား တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

(ခ) အခန်း (၁၅) နှင့် အခန်း (၁၆) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေးများကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း ပြုနိုင်သည်။

၄၄။ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဃ) အရ အလုပ်သမားက မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည့် စက်မှုဒီဇိုင်း အပေါ်တွင် အလုပ်ရှင်သည် တစ်ဦးတည်းပိုင်မဟုတ်သော ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို ရရှိစေရမည်။

၄၅။ စက်မှုဒီဇိုင်းကို တစ်ဦးထက်ပိုသူများက ပိုင်ဆိုင်ပြီး ယင်းတို့အချင်းချင်း တစ်နည်းနည်းဖြင့် သဘောတူညီထားခြင်း မရှိလျှင် -

(က) စက်မှုဒီဇိုင်းပိုင်ရှင် အသီးသီးသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းနှင့်စပ်လျဉ်း၍ မခွဲဝေရ သေးသည့် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများကို အညီအမျှ ခံစားခွင့် ရှိသည်။

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်အသီးသီးသည် ယင်း၏ မခွဲဝေရသေးသည့် မှတ်ပုံတင်ထားသော စက်မှု ဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေးများကို အခြားသူတစ်ဦးဦးကို လွှဲပြောင်းခြင်း၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင် ခွင့်ပေးခြင်းပြုနိုင်သည်။

(ဂ) စက်မှုဒီဇိုင်းပိုင်ရှင်အသီးသီးသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေး ထိပါး ချိုးဖောက်သူအား အခြားသောစက်မှုဒီဇိုင်းပူးတွဲပိုင်ရှင်များ၏ သဘောတူညီချက်ရယူရန်မလိုဘဲ တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

(ဃ) စက်မှုဒီဇိုင်းပိုင်ရှင်ထံမှ အခွင့်အရေးများအား တရားဝင်ဆက်ခံရရှိသော ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့တွင် ဖော်ပြထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၄၆။ စက်မှုဒီဇိုင်းပိုင်ရှင်သည် အောက်ပါကိစ္စတစ်ရပ်ရပ်အတွက် ယင်း၏မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများကို အသုံးမပြုရ -

(က) စီးပွားဖြစ်မဟုတ်သော ပုဂ္ဂလိကကိစ္စရပ်များအတွက် ဆောင်ရွက်မှုများ၊

(ခ) စမ်းသပ်လေ့လာသည့် ကိစ္စရပ်များ သို့မဟုတ် သုတေသနလုပ်ငန်းများအတွက် ဆောင်ရွက်မှုများ၊

(ဂ) ရည်ညွှန်းကိုးကားရန် သို့မဟုတ် သင်ကြားရန် ပြန်လည်ထုတ်လုပ် ဆောင်ရွက်မှုများ။

၄၇။ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများသည် စက်မှုဒီဇိုင်းပိုင်ရှင်ကဖြစ်စေ၊ ယင်းပိုင်ရှင်၏ သဘောတူညီချက်ရရှိသူကဖြစ်စေ နိုင်ငံတော်တွင် တရားဝင်ရောင်းချပြီးသော သို့မဟုတ် တင်သွင်းပြီးသော မှတ်ပုံတင်စက်မှုဒီဇိုင်းပါရှိသည့် ထုတ်ကုန်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

## အခန်း (၁၅)
## စက်မှုဒီဇိုင်းအခွင့်အရေးများကို လွှဲပြောင်းခြင်း

၄၈။ (က) စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဖြစ်စေ ယင်း၏ စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ လွှဲပြောင်းပေးရန် ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်သည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဖြစ်စေ ယင်း၏ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းပိုင်ဆိုင်မှုကို သတ်မှတ်ချက်နှင့်အညီ လွှဲပြောင်းခြင်းပြုနိုင်သည်။

၄၉။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားသူကဖြစ်စေ၊ ပုဒ်မ ၄၈၊ ပုဒ်မခွဲ (က) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ၊ စက်မှုဒီဇိုင်းပိုင်ရှင်ကဖြစ်စေ၊ ပုဒ်မ ၄၈၊ ပုဒ်မခွဲ (ခ) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်ပေးရန် တောင်းဆိုလျှင် ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်၍ အများပြည်သူ သိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၅၀။ စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက် သို့မဟုတ် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်း၏ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် တောင်းဆိုချက်သည် သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိရမည်။

၅၁။ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းပိုင်ဆိုင်မှု လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းသည် အကျိုးသက်ရောက်မှု မရှိစေရ။

## အခန်း (၁၆)
## မှတ်ပုံတင်ထားသောစက်မှုဒီဇိုင်းကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း

၅၂။ စက်မှုဒီဇိုင်းပိုင်ရှင်သည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဖြစ်စေ ယင်း၏ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို အသုံးပြုရန်အတွက် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးနိုင်သည်။

၅၃။ စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့သည် ခွင့်ပြုချက်စာတမ်းအမှတ်အသား မိတ္တူမှန်နှင့်အတူ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် ဦးစီးဌာနသို့ လျှောက်ထားရမည်။

၅၄။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၅၃ အရ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၅၅။ စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့က မှတ်ပုံတင်အရာရှိထံတွင် မှတ်တမ်းတင်ထားသည့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို ပယ်ဖျက်ရန် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားလျှင် မှတ်ပုံတင်အရာရှိက မှတ်တမ်းမှ ပယ်ဖျက်ပြီး ယင်းသို့ ပယ်ဖျက်ကြောင်း အများပြည်သူသိရှိစေရန် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၅၆။ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းသည် အကျိုးသက်ရောက်မှု မရှိစေရ။

## အခန်း (၁၇)
## စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာခြင်းနှင့်ပယ်ဖျက်ခြင်း

၅၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိသော မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အများကိုထိခိုက်ကြောင်း တွေ့ရှိပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် အဆိုပါ စက်မှုဒီဇိုင်းမှတ်ပုံတင်ထားခြင်းတစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း တရားမဝင်ကြောင်း ကြေညာပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၈။ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ လျှောက်ထားချက်အရ မှတ်ပုံတင်ထားသောစက်မှုဒီဇိုင်းသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက အဆိုပါစက်မှုဒီဇိုင်းမှတ်ပုံတင်ထားခြင်း တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း တရားမဝင်ကြောင်း ကြေညာခြင်း ပြုနိုင်သည် -

(က) ပုဒ်မ ၁၃ ပါ အကာအကွယ်မရရှိနိုင်သော အချက်များဖြစ်ခြင်း၊

(ခ) စက်မှုဒီဇိုင်းသည် ပုဒ်မ ၂၊ ပုဒ်မခွဲ (ဆ) တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျုံးဝင်မှု မရှိခြင်း၊

(ဂ) စက်မှုဒီဇိုင်းသည် အသစ်မဖြစ်ခြင်း၊

(ဃ) စက်မှုဒီဇိုင်းပိုင်ရှင်သည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းအား ရခွင့်ရှိသူမဟုတ်ကြောင်း ခိုင်လုံသော သက်သေခံအထောက်အထား ပေါ်ပေါက်လာခြင်း၊

(င) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းသည် လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ မမှန်မကန်တင်ပြ၍ဖြစ်စေ၊ ဖော်ပြထားသော အချက်တစ်ရပ်ရပ်ကို ထိမ်ချန်၍ဖြစ်စေ ရယူထားခြင်း၊

(စ) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ တရားရုံး၏ အပြီးသတ်ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်ကို လက်ခံရရှိခြင်း။

၅၉။ မှတ်ပုံတင်အရာရှိသည် အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ပါက မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်သည် -

(က) မှတ်ပုံတင်သက်တမ်းကာလ ကုန်ဆုံးသည့်နေ့ရက်မှ အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း သက်တမ်းတိုး လျှောက်ထားရန် ပျက်ကွက်ခြင်း၊

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်က ပိုင်ရှင်အဖြစ်မှ စွန့်လွှတ်ခြင်း၊

(ဂ) ပုဒ်မ ၅၈ ပါ အချက်တစ်ရပ်ရပ်နှင့်ငြိစွန်းသဖြင့် တရားမဝင်ကြောင်း ကြေညာထားသော စက်မှုဒီဇိုင်းဖြစ်ခြင်း။

၆၀။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ထားသောစက်မှုဒီဇိုင်းကို ပယ်ဖျက်ကြောင်း မှတ်တမ်းတင်ပြီး ထိုသို့ ပယ်ဖျက်ပြီးကြောင်းကို စက်မှုဒီဇိုင်းပိုင်ရှင်ထံ အကြောင်းကြားရမည့်အပြင် အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၈)
## အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်လျှောက်ထားခြင်း

၆၁။ အပြည်ပြည်ဆိုင်ရာ စက်မှုဒီဇိုင်းမှတ်ပုံတင်စနစ် သဘောတူစာချုပ်သို့ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးနောက် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားလိုသူများသည် အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်စနစ်ကို ကျင့်သုံးလိုပါက သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

## အခန်း (၁၉)
## အယူခံခြင်း

၆၂။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရချမှတ်သော ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံမှုတွင် ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံအထောက်အထားများ ထပ်မံရယူရန် ညွှန်ကြားခြင်းပြုနိုင်သည်။

၆၃။ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သောဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် အကြောင်းကြားစာကို လက်ခံရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ဤကိစ္စအလို့ငှာ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က စီရင်ပိုင်ခွင့်အာဏာအပ်နှင်းထားသည့် တရားရုံးသို့ အယူခံလျှောက်ထားနိုင်သည်။

## အခန်း (၂၀)
## တရားရုံး တည်ထောင်ခြင်း

၆၄။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် -

(က) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သော နယ်မြေဒေသတွင် တရားရုံးများကိုတည်ထောင်၍ တရားသူကြီးများကို ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားသည့် တရားသူကြီးများအား အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ တရားရုံးများကို တည်ထောင်ခြင်းမပြုမီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် အပ်နှင်းထားသည့် တရားရုံးအား အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဃ) တရားရုံးများက ချမှတ်သော စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(င) ညွှန်ကြားရေးမှူးချုပ်က ချမှတ်သော ဆုံးဖြတ်ချက်အပေါ် အယူခံမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သည့် တရားရုံးသို့ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းရမည်။

## အခန်း (၂၁)
## မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားရုံး၏ လုပ်ပိုင်ခွင့်များ

၆၅။ (က) နစ်နာသူ မည်သူမဆို ပုဒ်မ ၆၆ နှင့် ပုဒ်မ ၆၇ တို့ပါ ပြဋ္ဌာန်းချက်များအရ ယာယီအရေးယူ ဆောင်ရွက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) နစ်နာသူမည်သူမဆို တရားမကြောင်းအရ အရေးယူဆောင်ရွက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

၆၆။ (က) တရားရုံးသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပုဒ်မ ၆၅၊ ပုဒ်မခွဲ (က) အရ လျှောက်ထားလာပါက အောက်ပါယာယီအရေးယူဆောင်ရွက်သည့် အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေ ချမှတ်နိုင်သည် -

(၁) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခြင်းကို ကာကွယ် တားဆီးရန်နှင့် အကောက်ခွန်ရှင်းလင်းပြီးသည့် သွင်းကုန်ပစ္စည်းများအပါအဝင် မှတ်ပုံတင် ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်သည့်ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းသို့ မဝင်ရောက်စေရန် ကာကွယ်တားဆီးရန်အတွက် သင့်သည် ထင်မြင်သည့်အမိန့်၊

(၂) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်သည်ဟု စွပ်စွဲ ခံရသော သက်သေခံအထောက်အထားများကို မူလအခြေအနေမပျက် ထိန်းသိမ်းထားရန် အတွက် သင့်သည်ထင်မြင်သည့်အမိန့်။

(ခ) တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားသူထံမှ အောက်ပါတို့ကို တောင်းဆိုနိုင်သည် -

(၁) လျှောက်ထားသူမှာ အခွင့်အရေးရရှိသူဖြစ်ကြောင်း၊ ယင်း၏ အခွင့်အရေးကို ထိပါးချိုးဖောက် နေကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာရှိကြောင်း ခိုင်လုံသေချာစေရန်အလို့ငှာ သင့်လျော်လုံလောက်သည့် မည်သည့်သက်သေခံ အထောက်အထားများကိုမဆို တင်ပြစေခြင်း၊

(၂) ယာယီအရေးယူဆောင်ရွက်မှုကို အလွဲသုံးစားပြုခြင်းမှ ကာကွယ်တားဆီးရန်အတွက် လုံလောက်သည့် အာမခံတင်သွင်းစေခြင်း။

(ဂ) တရားရုံးကထုတ်ပြန်ထားသော အမိန့်အရ ယာယီအရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် တရားရုံးသည် ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများကို ခွဲခြားသတ်မှတ်နိုင်ရန် နောက်ထပ်လိုအပ်သော မည်သည့်သတင်းအချက်အလက်ကိုမဆို တင်သွင်းရန် လျှောက်ထားသူကို ထပ်မံညွှန်ကြားနိုင်သည်။

(ဃ) တရားရုံးသည် လျှောက်ထားတောင်းဆိုခဲ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များကို စတင် ဆောင်ရွက်ခဲ့သည့်နေ့မှစ၍ ထိခိုက်နစ်နာမှုအပေါ် အမှုကို အပြီးအပြတ်ဆုံးဖြတ်နိုင်ရန်အတွက် တရားမကြောင်းအရ တရားစွဲဆိုခြင်းကို တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သောကာလ အတွင်း သို့မဟုတ် ယင်းကဲ့သို့သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ယာယီအရေးယူဆောင်ရွက်ရန် အမိန့် ချမှတ်သည့်နေ့မှ ရုံးဖွင့်ရက် ရက်ပေါင်း ၂၀ ရက် သို့မဟုတ် ပြက္ခဒိန်ရက် ရက်ပေါင်း ၃၁ ရက်တို့ အနက် ပိုမိုကြာမြင့်သည့် အချိန်ကာလထက်မပိုသော အချိန်အတွင်း တရားစွဲဆိုမှုကို စတင် ဆောင်ရွက်ခဲ့ခြင်း မရှိလျှင် ပုဒ်မ ၆၇၊ ပုဒ်မခွဲ (ခ) ကို မထိခိုက်စေဘဲ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၆၇၊ ပုဒ်မခွဲ (က) တို့အရ ချမှတ်ထားသော ယာယီအရေးယူဆောင်ရွက်ချက်များကို လျှောက်ထား ခံရသူ၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

(ဃ) တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ချက်များကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှု တစ်ရပ်ရပ်ကြောင့် ရုပ်စဲလျှင်ဖြစ်စေ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ အဆိုပါ အရေးယူဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် သင့်လျော်မျှတသော လျော်ကြေးကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ ပေးစေရန် အမိန့် ချမှတ်နိုင်သည်။

၆၇။ (က) တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တစ်ဖက်သတ် ယာယီအရေးယူ ဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူကို ကုစား၍မရနိုင်သော ထိခိုက်နစ်နာမှုကို ဖြစ်စေတန်ရာသည့် နှောင့်နှေး ကြန့်ကြာမှု တစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံအထောက်အထားများကို ဖျက်ဆီးခံရမည့် အန္တရာယ်ကျရောက်မည်ဟု စိုးရိမ် ဖွယ်ရာရှိခြင်း။

(ခ) တရားရုံးသည် တစ်ဖက်သတ်ယာယီအရေးယူ ဆောင်ရွက်ရာတွင် -

(၁) ဆောင်ရွက်ပြီးလျှင်ပြီးချင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ကို လျှောက်ထားခံရသူထံ အသိပေး အကြောင်းကြားရမည်။

(၂) တရားရုံးက သတ်မှတ်သည့် သင့်လျော်သော ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက် မရှိခဲ့လျှင် အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ရုံးဖွင့်ရက် ရက်ပေါင်း ၂၀ ရက်အတွင်း အကြောင်းကြားခံရသူက လိုက်နာခြင်းမရှိလျှင် ယင်းအရေးယူဆောင်ရွက် ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

(၃) ယင်းအရေးယူဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည် ပြုခြင်းတို့ကို ဆုံးဖြတ်ပေးရန် လျှောက်ထားခံရသူများ၏ တောင်းဆိုချက်အရ နှစ်ဖက် ကြားနာ၍ ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို သင့်လျော်သည့် ကာလအတွင်း ဆောင်ရွက် ရမည်။

၆၈။ စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားမဆိုင်ရာဥပဒေများနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ တရားရုံးသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ် ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) အကောက်ခွန်ရှင်းလင်းပြီး စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ထားသည့် တင်သွင်း လာသော ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းသို့ မဝင်ရောက်စေရန် ကာကွယ် တားဆီးခြင်းအပါအဝင် စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေး ထိပါးချိုးဖောက်မှုကို ရပ်ဆိုင်းရန် အတွက် သင့်သည်ထင်မြင်သည့်အမိန့်၊

(ခ) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခြင်းကြောင့် အခွင့်အရေး ရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ပေးလျော်ရန် ထိပါးချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံ လုံလောက်သော နစ်နာကြေးပေးဆောင်ရန်အတွက် ချမှတ်သည့်အမိန့် သို့မဟုတ် သင့်လျော်သော ကိစ္စရပ်များတွင် အခွင့်အရေးရရှိသူမှ ကြိုတင်သတ်မှတ် တောင်းဆိုထားသော နစ်နာကြေးကို ဖြစ်စေ၊ ချိုးဖောက်သူက ရယူခံစားခဲ့သော အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်စလုံးကိုဖြစ်စေ ပြန်လည် ပေးစေရန်အမိန့်၊

(ဂ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့အပါအဝင် သင့်လျော်သော ကုန်ကျစရိတ် များကို ပေးဆောင်စေရန်အမိန့်။

၆၉။ (က) တရားရုံးသည် အခွင့်အရေးရရှိသူ၏ လျှောက်ထားချက်အပေါ် တရားမလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိပါးချိုးဖောက်မှုအတွက် အပြီးသတ်ဆုံးဖြတ်ချက် အမိန့်ချမှတ်ရာ၌ သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ချမှတ်နိုင်သည် -

(၁) ထိပါးချိုးဖောက်ကြောင်း တွေ့ရှိသည့် ကုန်ပစ္စည်းများကို ဖျက်ဆီးခြင်း သို့မဟုတ် ကုန်သွယ်မှုလမ်းကြောင်းသို့ မဝင်ရောက်စေရန် တားမြစ်စေခြင်းနှင့်

(၂) ထပ်မံထိပါးချိုးဖောက်မှုကို လျော့နည်းစေရေးအတွက် လျော်ကြေးတစ်စုံတစ်ရာ ပေးဆောင်ခြင်းမရှိဘဲ ထိပါးချိုးဖောက်သော ကုန်ပစ္စည်းများကို ဖန်တီးရာတွင် အဓိကအသုံးပြုသော ပစ္စည်းများ သို့မဟုတ် ကိရိယာတန်ဆာပလာများကို ကုန်သွယ်မှုလမ်းကြောင်းသို့ မဝင်ရောက်စေရန် တားမြစ်စေခြင်း။

(ခ) တရားရုံးသည် ပုဒ်မခွဲ (က) အရ မိမိဆင်ခြင်တုံတရားကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည်-

(၁) တားမြစ်မိန့်ချမှတ်ခြင်းကြောင့် ရရှိမည့် အကျိုးသက်ရောက်မှု၊

(၂) ဖျက်ဆီးမှုဆောင်ရွက်ခြင်းဖြင့် ထိပါးချိုးဖောက်မှုအတိုင်းအတာနှင့် အချိုးကျကိုက်ညီမှု၊

(၃) ဖျက်ဆီးပုံ၊ ဖျက်ဆီးနည်းသည် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုနှင့်

(၄) အခြားပုဂ္ဂိုလ်များ၏ တရားဝင်အကျိုးစီးပွားထိခိုက်မှု။

၇၀။ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခံရသည်ဟု မရိုးမဖြောင့်သော သဘောဖြင့် မမှန်မကန်တိုင်ကြားကြောင်း ပေါ်ပေါက်လျှင် ယင်းသို့တိုင်ကြားခြင်းကြောင့် မှားယွင်းစွာ ဟန့်တားခံရသည့် တရားပြိုင်အား လျှောက်ထားသူက လျော်ကြေးပေးဆောင်ရမည့်အပြင် တရားပြိုင်၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင် တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များကို လျှောက်ထားသူက ပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

၇၁။ (က) တရားရုံးသည် အောက်ပါအခြေအနေများတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သောကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တစ်ဖက်အမှုသည်က တင်ပြရန် အမိန့်ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူက ယင်း၏တောင်းဆိုချက်များကို လုံလောက်စွာအထောက်အကူပြုနိုင်မည့် ခိုင်လုံသည့် သက်သေခံအထောက်အထားများကို တင်ပြထားသောအခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့်စပ်ဆိုင်သည့် ခိုင်လုံသောသက်သေခံအထောက်အထားများသည် တစ်ဖက်အမှုသည်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာဖော်ပြထားသောအခါ။

(ခ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မိမိအလိုအလျောက် ထိပါးချိုးဖောက်မှုတွင် တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံ အထောက်အထားများအရ ကြားနာခွင့်ပေးပြီး ယင်းတို့၏ အပြန်အလှန်စွပ်စွဲငြင်းဆိုသည့်အချက်များအပါအဝင် သတင်းအချက်အလက်များအပေါ် အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်း စသည့်ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည် -

(၁) လိုအပ်သည့် သတင်းအချက်အလက်များကို ရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သောကာလအတွင်း လိုအပ်သော သတင်းအချက်အလက်များကို မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့်စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာ ဟန့်တားလျှင်။

၇၂။ တရားရုံးသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေးနှင့်စပ်လျဉ်း၍ ထိပါးချိုးဖောက်သော ကုန်ပစ္စည်းများကို ဖြန့်ဖြူးခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းတွင် ပါဝင်ပတ်သက်သော အခြားသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ပြောကြားစေရန် ထိပါးချိုးဖောက်သူအပေါ် အမိန့်ချမှတ်နိုင်သည်။

၇၃။ တရားရုံးသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခြင်းအတွက် အရေးယူဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ရန် ဤဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်း မရှိလျှင် တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

## အခန်း (၂၂)
## ပြစ်ဒဏ်များ

၇၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(ခ) မှတ်ပုံတင်စာရင်းတွင် မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း၊

(ဂ) လျှို့ဝှက်ထားရှိရမည့် စက်မှုဒီဇိုင်းကို လျှို့ဝှက်ထားရှိရမည့် ကာလအတွင်း၌ မသက်ဆိုင်သူအား ထုတ်ဖော်အသိပေးခြင်း၊

(ဃ) စက်မှုဒီဇိုင်းလျှောက်ထားချက်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ထုတ်ပြန်ကြေညာခြင်း မပြုမီ သတ်မှတ်ထားသည့် ကာလအတွင်း၌ မသက်ဆိုင်သူအား ခွင့်ပြုချက်မရှိဘဲ ပေးအပ်ခြင်း၊ အများပြည်သူသို့ ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း။

၇၅။ မည်သူမဆို တရားရုံးက ပုဒ်မ ၇၂ အရ ချမှတ်သော အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၅ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

## အခန်း (၂၃)
## အထွေထွေ

၇၆။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ စက်မှုဒီဇိုင်းနှင့်စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၇၇။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ ယင်းကိုအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ရာတွင် တစ်စုံတစ်ဦးအား ထိခိုက်နစ်နာစေမည်ဆိုပါက ထိုသူကို တင်ပြကြားနာခွင့်ပေးရမည်။

၇၈။ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပြီး တံဆိပ်ခတ်နှိပ်ထားသော စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်မိတ္တူနှင့် အထောက်အထားစာရွက်စာတမ်းများကို သက်ဆိုင်ရာတရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၇၉။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော တရားမမှုများတွင် သက်သေခံပစ္စည်းသည် တရားရုံးရှေ့တင်ပို့ရန် မလွယ်ကူပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားသက်သေခံစာရွက်စာတမ်း အထောက်အထား

များကို တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့တွင် သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူ၍ သက်ဆိုင်ရာတရားရုံးက ဤဥပဒေနှင့်အညီ အဆိုပါပစ္စည်းကို စီမံခန့်ခွဲရန် အမိန့်ချမှတ်နိုင်သည်။

၈၀။ ဤဥပဒေပါ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေးကို ထိပါးချိုးဖောက်မှုများသည် အစိုးရဌာနနှင့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်က စီးပွားရေးအလို့ငှာမဟုတ်ဘဲ နိုင်ငံတော်၏ အရေးပေါ်အခြေအနေနှင့် အများပြည်သူဘေးအန္တရာယ်ကိစ္စများတွင် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းပါရှိသည့် ကုန်ပစ္စည်းတစ်ခုခုကို အများပြည်သူအကျိုးငှာ အသုံးပြုခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၈၁။ စက်မှုဒီဇိုင်းအငြင်းပွားသူ ပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက် ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဖြစ်စေ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့် ဖြစ်စေ ဖြေရှင်းနိုင်သည်။

၈၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည်-

(၁) နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(၂) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၈၃။ The Myanmar Patents and Designs (Emergency Provisions) Act,1946 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

**နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သည့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်အဖြစ် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ကျော်ဆွေဦး **အစား** ဗိုလ်မှူးချုပ် တင့်လွင် အား အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

**ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သည့် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်အဖြစ် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ကိုကိုဝင်း **အစား** ဗိုလ်မှူးချုပ် ဇော်ဇော်နိုင် အား အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၄၉၅/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၉၂၂ အရ ဒုတိယမြို့နယ်တရားသူကြီးများအဖြစ် ခန့်အပ်ထားသော အောက်ဖော်ပြပါ တတိယတန်း ရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ၂၀၁၀ ပြည့်နှစ်၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၆၄ နှင့်အညီ ရာဇဝတ်ကျင့်ထုံးဥပဒေပါ ဒုတိယတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၄၊ ၁၆၇၊ ၁၉၀၊ ၂၀၆ နှင့် ၅၆၂ ပါ ထပ်ဆင့်အာဏာများကို အပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ချထားသည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဒေါ်ပပဇင် တ/၃၃၆၅ | မုံရွာ |
| ၂။ | ဦးထက်အာကာလှိုင် တ/၃၃၆၆ | ပျဉ်းမနား |
| ၃။ | ဒေါ်ဖြူသင်းခိုင် တ/၃၃၆၇ | ပဲခူး |
| ၄။ | ဦးထက်ဦးလွင် တ/၃၃၆၈ | မင်္ဂလာဒုံ |
| ၅။ | ဒေါ်အိအိဖြိုးဇော် တ/၃၃၆၉ | ကော့သောင်း |

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ချထားသည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၆။ | ဒေါ်ခင်မာသီ<br>တ/၃၃၇၀ | စစ်ကိုင်း |
| ၇။ | ဒေါ်အေးအေးကျင်<br>တ/၃၃၇၁ | ပုသိမ်ကြီး |
| ၈။ | ဒေါ်မေဇင်ထွန်း<br>တ/၃၃၇၂ | မဟာအောင်မြေ |
| ၉။ | ဒေါ်ခိုင်ဇာသွယ်<br>တ/၃၃၇၃ | ဒိုက်ဦး |
| ၁၀။ | ဒေါ်နှင်းနှင်းစိုး<br>တ/၃၃၇၄ | လယ်ဝေး |
| ၁၁။ | ဦးဝင်းဇော်ဦး<br>တ/၃၃၇၅ | ချမ်းမြသာစည် |
| ၁၂။ | ဒေါ်ဘွမ်ဝါးရာ<br>တ/၃၃၇၆ | အောင်မြေသာစံ |
| ၁၃။ | ဒေါ်ရတနာထိုက်<br>တ/၃၃၇၇ | ကျောက်မဲ |
| ၁၄။ | ဦးရဲကိုနိုင်<br>တ/၃၃၇၈ | တောင်ငူ |
| ၁၅။ | ဒေါ်စန္ဒီခင်လင်း<br>တ/၃၃၇၉ | ကြည့်မြင်တိုင် |
| ၁၆။ | ဒေါ်ထက်ထက်အောင်<br>တ/၃၃၈၀ | ဒဂုံမြို့သစ် (ဆိပ်ကမ်း) |
| ၁၇။ | ဦးအေးချမ်းကို<br>တ/၃၃၈၁ | ပုသိမ် |
| ၁၈။ | ဒေါ်စံချိုချို<br>တ/၃၃၈၂ | ပန်းဘဲတန်း |
| ၁၉။ | ဒေါ်ဇင်မာထွန်း<br>တ/၃၃၈၃ | တောင်ဥက္ကလာပ |
| ၂၀။ | ဒေါ်အေးငြိမ်းပြည့်<br>တ/၃၃၈၄ | စမ်းချောင်း |
| ၂၁။ | ဦးရဲဟန်ဇော်<br>တ/၃၃၈၅ | သာကေတ |
| ၂၂။ | ဒေါ်ခင်စန္ဒာအောင်<br>တ/၃၃၈၆ | ရွှေပြည်သာ |
| ၂၃။ | ဒေါ်နန်းဝေဝေအောင်<br>တ/၃၃၈၇ | ဟုမ္မလင်း |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ချထားသည့် မြို့နယ်တရားရုံး |
|---|---|---|
| ၂၄။ | ဦးကျော်ဇင်ဝင်း<br>တ/၃၃၈၈ | ခင်ဦး |
| ၂၅။ | ဦးဖွဲ့ကိုကို<br>တ/၃၃၈၉ | မတ္တရာ |
| ၂၆။ | ဒေါ်မေသဥ္ဇာနွယ်<br>တ/၃၃၉၀ | ကျောင်းကုန်း |
| ၂၇။ | ဦးစောလင်းထက်ဦး<br>တ/၃၃၉၁ | မြဝတီ |
| ၂၈။ | ဒေါ်မေဆုမွန်ကျော်<br>တ/၃၃၉၂ | အင်းစိန် |
| ၂၉။ | ဒေါ်စိုးနန္ဒီနွင်း<br>တ/၃၃၉၃ | ပုဇွန်တောင် |
| ၃၀။ | ဒေါ်ဇင်မာဝေ<br>တ/၃၃၉၄ | ချမ်းမြသာစည် |
| ၃၁။ | ဒေါ်ယဉ်ဝေစုဖြိုး<br>တ/၃၃၉၅ | ဘီးလင်း |
| ၃၂။ | ဦးရဲနောင်<br>တ/၃၃၉၆ | တွံတေး |
| ၃၃။ | ဦးအောင်ကျော်မြင့်<br>တ/၃၃၉၇ | မိုးညှင်း |
| ၃၄။ | ဒေါ်အိမ့်မှူးခင်<br>တ/၃၃၉၈ | ဗဟန်း |
| ၃၅။ | ဒေါ်မြင့်မြင့်ဆွေ<br>တ/၃၃၉၉ | ပန်းတနော် |
| ၃၆။ | ဦးကျော်မင်းခန့်<br>တ/၃၄၀၀ | အောင်မြေသာစံ |
| ၃၇။ | ဦးဝွန်ဆန်<br>တ/၃၄၀၁ | မိုးကောင်း |
| ၃၈။ | ဒေါ်ဟေမာန်နွင်း<br>တ/၃၄၀၂ | လှိုင် |
| ၃၉။ | ဒေါ်ယမင်းရွှေစင်<br>တ/၃၄၀၃ | သဃ်န်းကျွန်း |
| ၄၀။ | ဒေါ်ဝတီလှိုင်းအိ<br>တ/၃၄၀၄ | ပုလော |
| ၄၁။ | ဦးကောင်းထက်ဇော်<br>တ/၃၄၀၅ | အမရပူရ |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ချထားသည့် မြို့နယ်တရားရုံး |
|---|---|---|
| ၄၂။ | ဒေါ်ထက်နန္ဒာအောင် တ/၃၄၀၆ | ကျောက်ဆည် |
| ၄၃။ | ဒေါ်နွယ်နီမြင့် တ/၃၄၀၇ | တာမွေ |
| ၄၄။ | ဦးအာကာစိုး တ/၃၄၀၈ | တိုက်ကြီး |
| ၄၅။ | ဒေါ်စုသက်ငုံ တ/၃၄၀၉ | ပြည်ကြီးတံခွန် |
| ၄၆။ | ဒေါ်ဇာခြည်လှိုင် တ/၃၄၁၀ | လှည်းကူး |
| ၄၇။ | ဒေါ်ခင်မြတ်ကျော် တ/၃၄၁၁ | ဒဂုံမြို့သစ် (တောင်ပိုင်း) |
| ၄၈။ | ဒေါ်ကြည်ကြည်ခင် တ/၃၄၁၂ | ဒဂုံမြို့သစ် (မြောက်ပိုင်း) |
| ၄၉။ | ဦးထက်နောင်မြင့် တ/၃၄၁၃ | စဉ့်ကိုင် |
| ၅၀။ | ဦးအောင်ထွန်းငြိမ်း တ/၃၄၁၄ | ကြို့ပင်ကောက် |
| ၅၁။ | ဦးစန်းထက်အောင် တ/၃၄၁၅ | မအူပင် |
| ၅၂။ | ဦးနေမျိုးကျော် တ/၃၄၁၆ | မော်လမြိုင် |
| ၅၃။ | ဦးမျိုးမြင့်နိုင် တ/၃၄၁၇ | ဇီးကုန်း |
| ၅၄။ | ဦးကျော်ဝေယံဟိန်း တ/၃၄၁၈ | ပျော်ဘွယ် |
| ၅၅။ | ဦးမင်းဇော်သူ တ/၃၄၁၉ | သာယာဝတီ |
| ၅၆။ | ဦးထင်လင်း တ/၃၄၂၀ | ဖျာပုံ |
| ၅၇။ | ဦးသက်ပိုင်မှူး တ/၃၄၂၁ | တပ်ကုန်း |
| ၅၈။ | ဦးစိုးမိုးနိုင် တ/၃၄၂၂ | ရေး |
| ၅၉။ | ဦးကောင်းမြတ်သူ တ/၃၄၂၃ | ငါန်းဇွန် |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ချထားသည့် မြို့နယ်တရားရုံး |
|---|---|---|
| ၆၀။ | ဦးဇင်ဖြိုး<br>တ/၃၄၂၄ | ဒက္ခိဏသီရိ |
| ၆၁။ | ဒေါ်ခင်ငြိမ်းသာ<br>တ/၃၄၂၅ | ဆိပ်ကမ်း |
| ၆၂။ | ဦးထွန်းမင်းဦး<br>တ/၃၄၂၆ | ပြင်ဦးလွင် |
| ၆၃။ | ဒေါ်ဆန်းဆန်းဦး<br>တ/၃၄၂၇ | မောင်တော |
| ၆၄။ | ဦးထက်ကိုဌေးလွင်<br>တ/၃၄၂၈ | ထန်းတပင် (ရန်ကုန်) |
| ၆၅။ | ဒေါ်ရတနာရွှေရည်ဝင်း<br>တ/၃၄၂၉ | ချမ်းအေးသာစံ |
| ၆၆။ | ဦးထွန်းထွန်းမြိုင်<br>တ/၃၄၃၀ | ကျောက်ဖြူ |
| ၆၇။ | ဦးဇာနည်ထက်အောင်<br>တ/၃၄၃၁ | ဇလွန် |
| ၆၈။ | ဦးအောင်ကျော်ဇော<br>တ/၃၄၃၂ | တံတားဦး |
| ၆၉။ | ဒေါ်မေမြတ်ကေသွယ်အောင်<br>တ/၃၄၃၃ | မော့်ဘီ |
| ၇၀။ | ဦးအောင်ကိုကိုထက်<br>တ/၃၄၃၄ | ရေတာရှည် |
| ၇၁။ | ဦးစိုင်းသူဟန်<br>တ/၃၄၃၅ | အရာတော် |
| ၇၂။ | ဒေါ်နှင်းပွင့်ဖြူ<br>တ/၃၄၃၆ | မြင်းမူ |
| ၇၃။ | ဒေါ်တင်မာလာအောင်<br>တ/၃၄၃၇ | လှိုင်သာယာ |
| ၇၄။ | ဦးစည်သူအောင်<br>တ/၃၄၃၈ | မြို့သစ် |
| ၇၅။ | ဦးကျော်ကိုကိုခန့်<br>တ/၃၄၃၉ | နောင်ချို |
| ၇၆။ | ဦးကောင်းထက်ကျော်<br>တ/၃၄၄၀ | ဒဂုံမြို့သစ် (တောင်ပိုင်း) |
| ၇၇။ | ဦးငြိမ်းချမ်းအောင်<br>တ/၃၄၄၁ | နတ်မောက် |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ချထားသည့် မြို့နယ်တရားရုံး |
|---|---|---|
| ၇၈။ | ဒေါ်ချစ်ဖြိုးဝေလှိုင် တ/၃၄၄၂ | ဟသ်ာတ |
| ၇၉။ | ဦးသက်ဝေအောင် တ/၃၄၄၃ | မော်လမြိုင်ကျွန်း |
| ၈၀။ | ဦးအောင်ငြိမ်းချမ်း တ/၃၄၄၄ | လပွတ္တာ |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၅၀၈/၂၀၁၇)

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည် -

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်ခိုင်ခင်ဦး တ/၃၀၂၄ | သိန္နီ ရှမ်းပြည်နယ် |
| ၂။ | ဒေါ်အိအိဖြိုး တ/၃၀၂၉ | ကနီ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | ဒေါ်ဆွေအေးငြိမ်း တ/၃၀၇၆ | မုံရွာ စစ်ကိုင်းတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

အမှတ် ၃၅ ။ ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ရုံးအဖွဲ့မှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးလှဌေး (ခ/၁၀၀၂) အား မိမိ၏တာဝန်ဝတ္တရားများအပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ခေတ္တညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

မျိုးညွန့်
ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၈/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

**ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၃၀၄/၃၃၂) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ** အား ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၁၀၃) ဖြစ်ပါသည်။

အမိန့်အရ

တင်ထွန်း

အတွင်းရေးမှူး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

အမှတ် ၈၇/၂၀၁၇ ။ ။ မလေးရှားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်မြင့် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခန့်ထား လိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

အမှတ် ၉၈/၂၀၁၇ ။ ။ ဩစတြေးလျားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစံလွင် အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် အယ်လ်ဘေးနီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

အမှတ် ၁၀၂/၂၀၁၇ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ဌာနစုမှူး-၂/တတိယအတွင်းဝန်များအား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ဌာနစုမှူး-၁/ဒုတိယအတွင်းဝန်များအဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဌာန |
|---|---|---|
| ၁။ | ဒေါ်ခင်ဌေး | သံတမန်ရေးရာဦးစီးဌာန |
| ၂။ | ဦးမျိုးဇော်သောင်း | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| ၃။ | ဒေါ်တင်မျိုးနွယ် | သံတမန်ရေးရာဦးစီးဌာန |

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဌာန |
|---|---|---|
| ၄။ | ဦးကျော်ဇေယျ | သံတမန်ရေးရာဦးစီးဌာန |
| ၅။ | ဦးမြင့်အောင် | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |
| ၆။ | ဦးဇော်ထွန်းဝင်း | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၇။ | ဦးသန်းဇော်ဝင်း | မြန်မာသံရုံး၊ ပေကျင်းမြို့ |
| ၈။ | ဦးမြတ်စိုး | သံတမန်ရေးရာဦးစီးဌာန |
| ၉။ | ဦးမောင်မောင်သွင် | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၁၀။ | ဦးရွှေနု | ဝန်ကြီးရုံး |
| ၁၁။ | ဦးနိုင်မြင့် | ဝန်ကြီးရုံး |
| ၁၂။ | ဦးခိုင်ထွဋ်လှ | မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန |
| ၁၃။ | ဦးတိုးလွင် | မြန်မာသံရုံး၊ မော်စကိုမြို့ |
| ၁၄။ | ဦးအောင်သန်းဝင်း | မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ နယူးယောက်မြို့ |
| ၁၅။ | ဦးသန်းလှ | မြန်မာသံရုံး၊ ပရီတိုးရီးယားမြို့ |
| ၁၆။ | ဦးဝင်းမြင့် | နိုင်ငံရေးရာဦးစီးဌာန |
| ၁၇။ | ဦးခင်အောင်ဝင်း | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၁၈။ | ဦးမောင်မောင်ထွန်း | မြန်မာသံရုံး၊ နယူးဒေလီမြို့ |
| ၁၉။ | ဒေါ်လှလှမြင့် | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| ၂၀။ | ဦးစန်းလွင် | မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ နန်နင်းမြို့ |
| ၂၁။ | ဦးမော်ဝါလွင် | သံတမန်ရေးရာဦးစီးဌာန |
| ၂၂။ | ဦးကျော်မြင့် | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၂၃။ | ဦးသန့်ဇင် | မြန်မာသံရုံး၊ တိုကျိုမြို့ |
| ၂၄။ | ဦးသန်းထွန်းဝင်း | မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန |
| ၂၅။ | ဦးသန်းထွန်းအောင် | မြန်မာသံရုံး၊ လန်ဒန်မြို့ |

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၈၇၂/၂၀၁၅) အား ရည်ညွှန်းလျက် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဌာနစုမှူး-၁ အတွက် လစာနှုန်းထား (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အဖြစ်လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့စွဲပါ စာအမှတ်၊ ဘ၁-၁/၂၉၅ (၅၀၄၄/၂၀၁၃) အား ရည်ညွှန်းလျက် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများတွင် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ဒုတိယအတွင်းဝန်များအတွက် လစာနှုန်းထား အမေရိကန်ဒေါ်လာ (၄၀၀) ကိုလည်းကောင်း ခံစားခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၃ ရက်)

အမှတ် ၁၉၄/၂၀၁၇ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဌာနစုမှူး-၁ ဒေါ်ဌေးဌေးလွင် အား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးပြီးသည့် ၂၀၁၇ ခုနှစ်၊ မေလ ၁၁ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် ၂၃၃ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

အမှတ် ၁၉၇/၂၀၁၇ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၉ ရက်စွဲပါ အမိန့်အမှတ်၊ ၇/၂၀၁၇ ကို ရည်ညွှန်းလျက် ဤဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးအောင်ထူး အား ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့ မွန်းလွဲပိုင်းမှအစပြု၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် ၂၃၃ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဦးအောင်ထူး အား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၉၈၆ ခုနှစ်၊ ဧပြီလ ၂၅ ရက်စွဲပါ စာအမှတ်၊ စဘ-၁/၃၁ (၇၆၃/၈၆) အရ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လအစား ခွင့်လစာကို တစ်လုံးတစ်ခဲတည်းထုတ်ယူရန် တစ်ပါတည်းခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

အမှတ် ၁၉၈ /၂၀၁၇ ။ ။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးမြင့်သန်း အား ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထဲရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၁၂/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ နေပူကုန်းကျေးရွာအုပ်စု ကွင်းအမှတ် /အမည် (၆၀၀ᵃ/ကျောက်ပုဏ္ဏားအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (-) မှ **မြေဧရိယာ (၂၉. ၀၀) ဧကအား စက်မှုဥယျာဉ်မြို့တော်** တည်ဆောက်ရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ(**၁၀၄,၄၀၀ိ/-**) နှုန်းဖြင့် **ဒေါ်ခင်လှလှ [၇/တငန (နိုင်) ၀၆၆၁၆၅]၊ ဥက္ကဋ္ဌ ကေတုမတီဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ နှစ် (၃၀) စက်မှုမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၃/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ နေပူကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၀၀ᵃ/ကျောက်ပုဏ္ဏားအရှေ့ကွင်း) ဦးပိုင်အမှတ် (-) မှ၊ **မြေဧရိယာ (၅. ၀၀) ဧကအား စက်မှုဥယျာဉ်မြို့တော်** တည်ဆောက်ရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ (**၁၈,၀၀၀ိ/-**) နှုန်းဖြင့် **ဒေါ်ခင်လှလှ [၇/တငန (နိုင်) ၀၆၆၁၆၅]၊ ဥက္ကဋ္ဌ ကေတုမတီဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ နှစ် (၃၀) စက်မှုမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀၆/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဘူးလယ်အင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၇၆/နဂုတ်ကြီးကွင်း)၊ ဦးပိုင်အမှတ် (N ၃၂) မှ **မြေဧရိယာ (၇. ၁၀) ဧကအား နှစ်ရှည်သီးနှံပင်/ဥယျာဉ်ခြံ**

**သီးနှံစိုက်ပျိုး**ရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ (**၁၂၇,၈၀၀/-**) နှုန်းဖြင့် **ဦးရဲမင်းကိုကို [၁/ရကန (နိုင်) ၀၃၅၁၆၅]** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ နှစ် (၃၀) စက်မှုမြေငှား ဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀၇/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဒိုက်ဦးမြို့နယ်၊ မအူတန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၄၈၄ က/တ/စမ်းချောင်းကွင်း)၊ ဦးပိုင်အမှတ် (၁) မှ **မြေဧရိယာ (၃၄၅. ၆၅) ဧက**အား **နှစ်ရှည်သီးနှံပင်/ ဥယျာဉ်ခြံသီးနှံစိုက်ပျိုး** ရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ (**၂,၀၇၃, ၉၀၀/-**) နှုန်းဖြင့် **ဦးလှဝေ [၁၂/လမန (နိုင်) ၀၂၈၈၀၃] ဒါရိုက်တာ၊ မြတ်မင်းကုမ္ပဏီ**သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ နှစ် (၃၀) စက်မှုမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀၈/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ အမှတ် (၆) ရပ်ကွက် (ယခင်သာယာကုန်း ကျေးရွာအုပ်စု)၊ ကွင်းအမှတ်/အမည်-(၁၁၈၄ ခ/ကုန်းသံဒင်းတောင်ကွင်း)၊ ဦးပိုင်အမှတ် (၁၉၀၊ ၂၃၆) တို့မှ **မြေဧရိယာ (၁၃. ၆၁) ဧက**အား **မွေးမြူရေးလုပ်ငန်း** ဆောင်ရွက်ရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ (**၂,၄၄၉,၈၀၀/-**) နှုန်းဖြင့် **ဦးလှဝေ [၁၂/လမန (နိုင်) ၀၂၈၈၀၃] ဒါရိုက်တာ၊ မြတ်မင်းကုမ္ပဏီ**သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ နှစ် (၃၀) စက်မှုမြေငှားဂရန် ထုတ်ပေးခွင့် ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၁၄/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အင်းတကော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၆၈ ဃ/မိုးခွားအနောက်ကွင်း)၊ ဦးပိုင်အမှတ် (၂၊ ၃)တို့ရှိ **မြေဧရိယာ (၉၁. ၉၆) ဧက**အား **အပန်းဖြေ စခန်းမြေ**အဖြစ် အသုံးပြုရန် တစ်နှစ်လျှင်မြေငှားရမ်းခ (**၅၅၁,၇၆၀/-**) နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ နှစ် (၃၀) စက်မှုမြေငှားဂရန် ထုတ်ပေးခွင့် ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၁၅/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ ဥသာမြို့သစ်၊ အမှတ်(၉) ရပ်ကွက်၊ (ယခင်ညောင်ဦး ကျေးရွာအုပ်စု)၊ ကွင်းအမှတ်/အမည် - အထူးဇုန် (၄) (ယခင် ၁၃၁၃/ညောင်အင်းမြောက်ကွင်း)၊ မြေကွက် အမှတ် (၄၀ ခ)မှ **မြေဧရိယာ (၉၅. ၇၇) ဧက**အား **မြို့ပြအိမ်ရာစီမံကိန်းမြေ**အဖြစ် အသုံးပြုရန် တစ်နှစ်လျှင် မြေငှားရမ်းခ (**၁၁,၄၉၂,၄၀၀/-**) နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုး တိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ နှစ် (၃၀) စက်မှုမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၁၆/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ ဥသာမြို့သစ်၊ အမှတ်(၉) ရပ်ကွက်၊ (ယခင်ညောင်ဦး ကျေးရွာအုပ်စု)၊ ကွင်းအမှတ်/အမည်-အထူးဇုန်(၄) (ယခင် ၁၃၁၃/ညောင်အင်း မြောက်ကွင်း)၊ မြေကွက်အမှတ်

(၄၀ဃ) မှ **မြေဧရိယာ (၉၂. ၅၀) ဧကေ**အား **မြို့ပြအိမ်ရာစီမံကိန်းမြေ**အဖြစ် အသုံးပြုရန် တစ်နှစ်လျှင် မြေငှားရမ်းခ (**၁၁,၁၀၀,၀၀ဝိ/-**) နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ နှစ် (၃၀) စက်မှုမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၁၇/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ အမှတ်(၅) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁၁၇၇/ထီးဖဒိုကွင်း)၊ ဦးပိုင်အမှတ် (၃၄/၁) မှ **မြေဧရိယာ (၂. ၅၆) ဧကေ**အား **မြို့ပြဥယျာဉ်စီမံကိန်း**မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ (**၉၂,၁၆ဝိ/-**) နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ခ) အရ နှစ် (၃၀) စက်မှုမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၁၈/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ အမှတ်(၂) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁၁၆၉ခ/အတက်ကြီးမြောက်ကွင်း)၊ ဦးပိုင်အမှတ် (၁၉/၁) မှ မြေဧရိယာ (**၁၉. ၁၉**) ဧက၊ ဦးပိုင်အမှတ် (၂၀/၁) မှ မြေဧရိယာ (၁၂. ၀၈) ဧက၊ **စုစုပေါင်းမြေဧရိယာ (၃၁. ၂၇) ဧကေ**အား **အပန်းဖြေစခန်းနှင့်အိမ်ရာစီမံကိန်း**မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ (**၃၇၅,၂၄ဝိ/**) နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ နှစ် (၃၀) စက်မှုမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၁၉/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ မော်လုံကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် [၁၁၀၀ခ/မောင်မခေါ် (န) ကွင်း]၊ ဦးပိုင်အမှတ် (၁/၁၊ ၁/၂၊ ၁/၄၊ ၉/၂ခ၊ ၉/၄၊ ၉/၅၊ ၉/၆၊ ၉/၇က၊ ၉/၇ခ၊ ၉/၈၊ ၉/၉၊ ၉/၁၅က၊ ၁၀/၁၊ ၁၀/၃) မှ **မြေဧရိယာ (၉၆. ၈၁) ဧက** အား **မြို့ပြ ဥယျာဉ်စီမံကိန်း**မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ **(၅၈၀,၈၆ဝိ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ နှစ် (၃၀) စက်မှုမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၂၀/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ အမှတ်(၄) ရပ်ကွက်၊ ကွင်းအမှတ်/အမည် ( ၁၁၆၆ /ပျဉ်းမငူစားကျက်ကွင်း)၊ ဦးပိုင်အမှတ် (၁၉/၃) မှ **မြေဧရိယာ (၅. ၂၆) ဧကေ**အား **မြို့ပြဥယျာဉ်စီမံကိန်း**မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ (**၁၈၉,၃၆ဝိ/-**) နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ နှစ် (၃၀) စက်မှုမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၂၁/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ အမှတ်(၅) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁၁၇၇/ထီးဖဒိုကွင်း)၊ ဦးပိုင်အမှတ် (၁၀၄၊ ၁၀၅) တို့မှ **မြေဧရိယာ (၅၁. ၃၀) ဧကေ**အား **အပန်းဖြေ**

**စခန်းနှင့်အိမ်ရာစီမံကိန်းမြေ**အဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ (**၁,၈၄၆,၈၀၀ိ/-**) နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ နှစ် (၃၀) စက်မှု မြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၂၂/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ အမှတ်(၂) ရပ်ကွက်၊ ကွင်းအမှတ်/အမည် ( ၁၁၆၉ᵏ/အတက်ကြီးတောင်ကွင်း)၊ ဦးပိုင်အမှတ် (၂၈/၁) မှ **မြေဧရိယာ (၄. ၈၀) ဧကအား အပန်းဖြေစခန်းနှင့်အိမ်ရာစီမံကိန်း**မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ (**၅၇,၆၀၀ိ/-**) နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေးအများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်**သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ခ) အရ နှစ် (၃၀) စက်မှုမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၂၃/၂၀၁၆)

(၂) ဒေါ်နော်ကလယ်ဒေးထူး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
(၃) ဦးဇော်လင်းထွန်း ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

နန်းခင်ထွေးမြင့်
ပြည်နယ်ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၅ ရက်)

ကရင်ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၊ ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးလွင် (နစ-၈၉၀၇) သည် လက်ရှိရာထူး၌ အစမ်းခန့်ထားခဲ့သည်မှာ ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် တစ်နှစ်ပြည့်မြောက်ပြီ ဖြစ်၍ ဒုတိယအင်ဂျင်နီယာမှူးကြီး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူးသို့ အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

နန်းခင်ထွေးမြင့်
ပြည်နယ်ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၁၅ ရက်)

ကရင်ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပြည်နယ်စည်ပင် သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ကော့ကရိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် တာဝန် ထမ်းဆောင်နေသော အင်ဂျင်နီယာမှူး ဦးလှမြင့် (နစ-၈၅၅၆) သည် လက်ရှိရာထူး၌ အစမ်းခန့်ထားခဲ့သည်မှာ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် တစ်နှစ်ပြည့်မြောက်ပြီဖြစ်၍ အင်ဂျင်နီယာမှူး လစာနှုန်း (၂၈၀,၀၀၀- ၄,၀၀၀-၃၀၀,၀၀၀) ရာထူးသို့ ၂၀၁၇ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

နန်းခင်ထွေးမြင့်
ပြည်နယ်ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၁၅ ရက်)

ကရင်ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ ကွပ်ကဲမှုအောက်ရှိ ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော

လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ချို (နစ-၄၀၉၀) သည် လက်ရှိရာထူး၌ အစမ်းခန့်ထားခဲ့သည်မှာ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် တစ်နှစ်ပြည့်မြောက်ပြီဖြစ်၍ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးသို့ ၂၀၁၇ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

နန်းခင်ထွေးမြင့်
ပြည်နယ်ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၁၅ ရက်)

ကရင်ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော ဦးစီးအရာရှိ ဦးရဲလင်းဦး (နစ-၄၃၁၇) သည် လက်ရှိရာထူး၌ အစမ်းခန့်ထားခဲ့သည်မှာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် တစ်နှစ်ပြည့်မြောက်ပြီဖြစ်၍ ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးသို့ ၂၀၁၇ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

နန်းခင်ထွေးမြင့်
ပြည်နယ်ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၁၅ ရက်)

ကရင်ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော လက်ထောက်အင်ဂျင်နီယာ (မြို့ပြ/စက်မှု) ဦးဇော်လင်းထင် (နစ-၈၇၇၆) သည် လက်ရှိရာထူး၌ အစမ်းခန့်ထားခဲ့သည်မှာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် တစ်နှစ်ပြည့်မြောက်ပြီဖြစ်၍ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ/စက်မှု) လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးသို့ ၂၀၁၇ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

နန်းခင်ထွေးမြင့်
ပြည်နယ်ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် ( ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး

### အမိန့်ကြော်ငြာစာအမှတ် ၈၈/၂၀၁၇

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

ခွင့်ပြုထားသည့် နိုင်ငံတော်သမ္မတရုံးဖွဲ့စည်းပုံအရ လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး ရာထူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) နေရာများ၌ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး များအား ယင်းတို့နှင့်ယှဉ်တွဲပါ ရုံး၊ ဌာနကြီးများတွင် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့ ညနေပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| | | |
|---|---|---|
| (၁) | ဒေါက်တာဒေါ်နှင်းနှင်းစိုး | စီမံရေးနှင့်ဘဏ္ဍာရေးဌာနကြီး |
| (၂) | ဦးမင်းသန်းထိုက်ဦး | စီမံရေးနှင့်ဘဏ္ဍာရေးဌာနကြီး |
| (၃) | ဦးဝင်းလွင်မင်း | ဒုတိယသမ္မတ (၁) ဦးစီးရုံး |
| (၄) | ဦးကျော်ဇင်ထိုက် | ဒုတိယသမ္မတ (၂) ဦးစီးရုံး |
| (၅) | ဦးဇော်လင်းထွန်း | သမ္မတဦးစီးရုံး |
| (၆) | ဦးရာဇူး | စီမံရေးနှင့်ဘဏ္ဍာရေးဌာနကြီး |
| (၇) | ဦးနိုင်ဝင်း | ပြည်ထောင်စုဝန်ကြီးရုံးအဖွဲ့ |
| (၈) | ဦးနေလင်း | သုတေသန၊ သတင်းပြန်ကြားရေးနှင့်တိုင်ကြားစာများဌာနကြီး |
| (၉) | ဦးဇော်ဝင်း | ပြည်ထောင်စုဝန်ကြီးရုံးအဖွဲ့ |
| (၁၀) | ဒေါ်အေးမြတ်ငြိမ်း | လူမှုရေးနှင့်ယဉ်ကျေးမှုဌာနကြီး |
| (၁၁) | ဒေါ်ခင်လဲ့လဲ့ဝင်း | သမ္မတဦးစီးရုံး |
| (၁၂) | ဦးတင်ဇော်ဦး | နိုင်ငံရေးနှင့်လုံခြုံရေးဌာနကြီး |
| (၁၃) | ဦးလှဦး | နိုင်ငံရေးနှင့်လုံခြုံရေးဌာနကြီး |
| (၁၄) | ဦးမျိုးသန့် | လုံခြုံရေးအရာရှိချုပ်ဌာနကြီး |
| (၁၅) | ဒေါ်မိမိမှော် | စီမံရေးနှင့်ဘဏ္ဍာရေးဌာနကြီး |
| (၁၆) | ဒေါ်သီတာအေး | သုတေသန၊ သတင်းပြန်ကြားရေးနှင့်တိုင်ကြားစာများဌာနကြီး |

| | | |
|---|---|---|
| (၁၇) | ဦးမျိုးမင်းစိုး | စီးပွားရေးရာဌာနကြီး |
| (၁၈) | ဦးဝင်းစိုးဦး | လူမှုရေးနှင့်ယဉ်ကျေးမှုဌာနကြီး |
| (၁၉) | ဒေါ်ခင်နွဲ့ကြည် | လူမှုရေးနှင့်ယဉ်ကျေးမှုဌာနကြီး |
| (၂၀) | ဦးစိုးအောင် | အိမ်တော်များဌာနကြီး |

ဝင်းကျော်အောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၇)

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

### အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုလွှတ်တော်ရုံးမှ အောက်ပါဦးစီးအရာရှိ (၇) ဦးအား အစမ်းခန့်ကာလတစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည် | ဌာန |
|---|---|---|
| ၁။ | ဦးစောဒေါ်လာနန်းစိုးဟိန်း | ဥပဒေပြုဌာနကြီး |
| ၂။ | ဦးအောင်ပြည့်စုံ | ဥပဒေပြုဌာနကြီး |
| ၃။ | ဒေါ်သိမ့်သိမ့်သူ | နိုင်ငံတကာဆက်ဆံရေး၊ သုတေသနနှင့်နည်းပညာဌာနကြီး |
| ၄။ | ဒေါ်သက်ထားဟေမာန် | နိုင်ငံတကာဆက်ဆံရေး၊ သုတေသနနှင့်နည်းပညာဌာနကြီး |
| ၅။ | ဦးအောင်ဖြိုးကို | စီမံရေးဌာနကြီး |
| ၆။ | ဦးစိုက်လင်း | ဥပဒေပြုဌာနကြီး |
| ၇။ | ဒေါ်နန်းမေညွန့်ရီ | နိုင်ငံတကာဆက်ဆံရေး၊ သုတေသနနှင့်နည်းပညာဌာနကြီး |

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

### အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၇

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

### ပြစ်ဒဏ်ချမှတ်ခြင်း

၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ဝန်ထမ်းရေးရာနှင့် အုပ်ချုပ်မှုဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၇) ဆုံးဖြတ်ချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရွေးကောက်ပွဲဌာနမှ လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ညွှန်ကြားရေးမှူး ဦးစိုင်းကျော်သူ သည် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၆၂ (က)၊ ၁၆၃ (ဆ) နှင့် (ဓ) ပါ

ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခဲ့သဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၃၊ ပုဒ်မခွဲ (ခ) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ ၂၁၀ (ခ) တို့အရ နောင်ရရန်ရှိသော နှစ်တိုးလစာများ ရွှေ့သွားခြင်းမရှိစေဘဲ နှစ်တိုးလစာ (၂) နှစ် ရပ်ဆိုင်းခြင်းပြစ်ဒဏ် ချမှတ်လိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် ၅၆/၂၀၁၇**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

**တာဝန်ဝတ္တရားများစတင်ထမ်းဆောင်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၄/၂၀၁၇ ဖြင့်ခန့်အပ်ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်၏ ကိုယ်ရေး အရာရှိ ဦးမင်းသူသည် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ အလုပ်တာဝန်ဝတ္တရားများကို လက်ခံဆောင်ရွက်သည်။

တင်ထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**အမိန့်ကြော်ငြာစာ (၅၄/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၉၈၄ /ကျွန်းကလေးမြောက်)၊ ဦးပိုင်အမှတ် (၁၅ဃ) မှ မြေဧရိယာ (၄. ၅၇) ဧကနှင့် ဦးပိုင်အမှတ် (၁၆ဆ) မှ မြေဧရိယာ (၂. ၇၈) ဧက၊ **စုစုပေါင်းမြေဧရိယာ (၇. ၃၅) ဧက**အား **ဓမ္မရံသီ မိုးကုတ်ရိပ်သာကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြေနှင့် အခွန် နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

တင်မြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**စစ်ရာထူးခန့်ချုပ်ရုံး**

**(ကြည်းတပ်ဌာနစု)**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်)

အမှတ် ၉၀/၂၀၁၇ ။ ။ အောက်ပါအရာရှိများအား အကျဉ်းစစ်တရားရုံးချုပ်၏ ပြစ်ဒဏ်စီရင်ချက် အရ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့မှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှရှုတ်ချ၍ အမြဲတမ်းထုတ်ပစ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| ကြည်း | ၄၀၈၈၀ | ဗိုလ်မှူး | တင်မင်းသန့် |
| ကြည်း | ၅၀၂၄၁ | ဗိုလ်ကြီး | ပြည်ဟိန်းထက် |

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

အမှတ် ၉၁/၂၀၁၇ ။ ။ အောက်ပါအရာရှိများအား အကျဉ်းစစ်တရားရုံးချုပ်၏ ပြစ်ဒဏ်စီရင်ချက်အရ၊ ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှရှုတ်ချ၍ အမြဲတမ်းထုတ်ပစ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | | |
|---|---|---|---|---|
| ကြည်း | ၃၇၆၉၂ | ဗိုလ်ကြီး | သော်ဇင်သန်းဌေး | ၁၁-၇-၂၀၁၇ |
| ကြည်း | ၆၀၅၀၈ | ဗိုလ်ကြီး | အောင်ကျော်ထက် | ၁၄-၇-၂၀၁၇ |

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

အမှတ် ၉၂/၂၀၁၇ ။ ။ အောက်ပါအရာရှိများအား အကျဉ်းစစ်တရားရုံးချုပ်၏ ပြစ်ဒဏ်စီရင်ချက်အရ၊ ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှရှုတ်ချ၍ အမြဲတမ်းထုတ်ပစ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | | |
|---|---|---|---|---|
| ကြည်း | ၆၅၂၅၀ | ဗိုလ်ကြီး | ဇော်နိုင် | ၁၄-၇-၂၀၁၇ |
| ကြည်း | ၅၈၉၀၈ | ဗိုလ် | မျိုးမင်းဟန် | ၂၂-၇-၂၀၁၇ |

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

အမှတ် ၉၃/၂၀၁၇ ။ ။ အောက်ပါအရာရှိများအား အကျဉ်းစစ်တရားရုံးချုပ်၏ ပြစ်ဒဏ်စီရင်ချက်အရ၊ ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှရှုတ်ချ၍ အမြဲတမ်းထုတ်ပစ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | | |
|---|---|---|---|---|
| ကြည်း | ၆၂၆၆၄ | ဗိုလ်ကြီး | ကျော်မျိုးသက် | ၁၇-၇-၂၀၁၇ |
| ကြည်း | ၅၇၃၁၇ | ဗိုလ်ကြီး | နိုင်ဝင်း | ၂၀-၇-၂၀၁၇ |
| ကြည်း | ၆၄၁၁၀ | ဗိုလ် | ဟိန်းအောင်ခန့် | ၂၇-၇-၂၀၁၇ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလှုအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်)

အမှတ် ၁၉ ။ ။ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးမြင့်လွင် (၃) အား မိမိ၏အလုပ်ဝတ္တရားများအပြင် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ခံစားမည်ဖြစ်သော တိုက်ကြီးမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ရီ၏ အလုပ်ဝတ္တရားများကို ပူးတွဲတာဝန်ထမ်းဆောင်စေလိုက်သည်။

အမှတ် ၂၀ ။ ။ တိုက်ကြီးမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး၏ အလုပ်ဝတ္တရားများကို ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးမြင့်လွင် (၃) သို့ လွှဲပြောင်းပေးပြီးသည့်နောက် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ရီ အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအခန်း (၈) ခွင့်ခံစားခြင်းနည်းဥပဒေ (၈၇) (၈၉) တို့အရ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ရက်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင်ခံစားခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်
( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက် )

အမှတ် ၂၁ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်စွဲပါ စာအမှတ် - ၁/၁၉၀ (က) (၆) (၁၉၂၈/၂၀၁၇) အရ ရန်ကုန်မြို့၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၉)၊ ညွှန်ကြားရေးမှူးရုံးမှ လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဗိုလ်ဗိုလ်ကျော် အား လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) ဒုတိယညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်) ရာထူးသို့ အလုပ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၂၂ ။ ။ ဒုတိယညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်) ဦးဗိုလ်ဗိုလ်ကျော် အား ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) ၏ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်စွဲပါ စာအမှတ် - ၅၈၆၁/၁-၃၆၁ အမ (စီမံ-၂) အရ ဒုတိယညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်) ၏ အလုပ်ဝတ္တရားများကိုထမ်းဆောင်စေလိုက်ပြီး လက်ရှိ တာဝန်ထမ်းဆောင်နေသည့် ရန်ကုန်မြို့၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၉)၊ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး၏ အလုပ်ဝတ္တရားများကိုပါ ပူးတွဲတာဝန်ထမ်းဆောင်စေလိုက်သည်။

ကျော်မြင့်လှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)။

## သစ်တောဦးစီးဌာန

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်)

အမှတ် ၃၅၄ ။ ။ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၏ ပူးတွဲမြို့နယ်ဖြစ်သော ပင်လောင်းမြို့နယ်၊ ရင်းမိုးဂိတ်တွင် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့၌ မော်တော်ယာဉ် (၂) စီး၊ ကျွန်းတံခါးရွက်များနှင့် တရားခံ (၂) ဦး ဖမ်းဆီးရမိခဲ့သော်လည်း ဖမ်းဆီးရမိ မော်တော်ယာဉ် (၂) စီးနှင့် တရားခံ (၂) ဦးအား အရေးယူဆောင်ရွက်နိုင်မှုမရှိဘဲ လွတ်မြောက်နေသည့်ကိစ္စနှင့်ပတ်သက်၍ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရာတွင် သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဦးစီးအရာရှိ ဦးအောင်ဆန်း (ယခု-လက်ထောက်ညွှန်ကြားရေးမှူး၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန) သည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ပင်လောင်းမြို့နယ်၊ ရင်းမိုးဂိတ်၌ ဖမ်းဆီးရမိသည့် သစ်တောမှုနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာရဲစခန်းမှ အမှုဖွင့်လှစ်ဆောင်ရွက်ခြင်းမရှိသည်ကို သိရှိပြီးနောက်ပိုင်း ပြစ်မှုကျူးလွန်သူများအား ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေးအတွက် အထက်အဆင့်ဆင့်သို့ တင်ပြမှုမရှိခြင်း၊ ပြစ်မှုကျူးလွန်သူများအား ထိရောက်စွာအရေးယူမှု မပြုနိုင်ခြင်းတို့ကြောင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၆၂၊

နည်းဥပဒေခွဲ (က) (ဃ) တို့ကို ငြိစွန်းကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ (၁၁/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဆန်း အား နောင်အလားတူကိစ္စမျိုး မပေါ်ပေါက်စေရန် သတိပေးလိုက်သည်။

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

အမှတ် ၃၈၇ ။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၃/၂၀၁၇) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်နှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၁ ရက်စွဲပါ စာအမှတ် (သစ်တော) ၂ (၂)/၀၉ (၁၉၀၄/၂၀၁၇) တို့အရ သစ်တော ဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ စီမံကိန်းနှင့်စာရင်းအင်းဌာနမှ ဦးစီးအရာရှိ ဦးစိန်မိုး အား သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူး နေရာသို့ လက်ထောက်ညွှန်ကြားရေးမှူး အလုပ်တာဝန် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည်။

အမှတ် ၃၈၈ ။ ။ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်မိုး အား သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ တိုးချဲ့ပညာရေးဌာနတွင် နေရာချထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

အမှတ် ၅၅၄ ။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၉/၂၀၁၇) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၂ (၁)/၀၂ (ဂ)/ (၂၉၁၇/၂၀၁၇) တို့အရ သစ်တောဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွေး (၁) အား သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူးနေရာသို့ ဒုတိယညွှန်ကြားရေးမှူး အလုပ်တာဝန်များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်ပြီး သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနသို့ ပြောင်းရွှေ့နေရာ ချထားလိုက်သည်။

(၁၄) ရက်အတွင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန်ဖြစ်သည်။

ဒေါက်တာညီညီကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
သစ်တောဦးစီးဌာန။

## မြန်မာ့သစ်လုပ်ငန်း

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)

အမှတ် ၂၆၃ ။ ။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၂၁/၂၀၁၇) ကြိမ်မြောက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်အရ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ မန်နေဂျာ (ပြည်တွင်းရောင်း)

ဦးမြတ်ကောင်းကျော် အား လက်ထောက်အထွေထွေမန်နေဂျာ (ပြည်တွင်းရောင်း) လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူးတွင် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလျက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ရောင်း/စက်ဌာနမှူးရုံးတွင် ဆက်လက်တာဝန်ချထားလိုက်သည်။

အမိန့်အရ

မန်းဝင်းတင်၊
အထွေထွေမန်နေဂျာ (စီမံရေး)၊
မြန်မာ့သစ်လုပ်ငန်း။

## အဆင့်မြင့်ပညာဦးစီးဌာန

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

အမှတ် ၄၃ ။ ။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၌ သဘောတူညီချက်အရ မုံရွာတက္ကသိုလ်၊ ရူပဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာခင်သန်းဦး အား ၂၀၁၇ ခုနှစ်၊ မေလ ၁ ရက်နေ့မှစ၍ အငြိမ်းစား မယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လလျှောက်ထားခြင်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

အမှတ် ၄၄ ။ ။ ပါမောက္ခ (ဌာနမှူး) ဒေါက်တာခင်သန်းဦး အား ငြင်းပယ်ထားသည့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) ပြည့်မည့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှစ၍ ခံစားခွင့်ပြုပြီးလျှင် ခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့မှစ၍ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၄၅ ။ ။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၌ သဘောတူညီချက်အရ တောင်ကြီး တက္ကသိုလ်၊ ဓာတုဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာခင်သန်းဌေး အား ၂၀၁၇ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့မှစ၍ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လလျှောက်ထားခြင်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများအပိုဒ် (၈၁) အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

အမှတ် ၄၆ ။ ။ ပါမောက္ခ (ဌာနမှူး) ဒေါက်တာဒေါ်ခင်သန်းဌေး အား ငြင်းပယ်ထားသည့် အငြိမ်းစား မယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်မည့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့မှစ၍ ခံစားခွင့်ပြုပြီးလျှင် ခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့မှစ၍ ရာထူးမှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

အမှတ် ၄၇ ။ ။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၌ သဘောတူညီချက်အရ မကွေးတက္ကသိုလ်၊ သတ္တဗေဒဌာနမှ ပါမောက္ခ ဒေါက်တာသန်းသန်းဝင်း အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၁) အရ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၄၈ ။ ။ ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ပါမောက္ခ ဒေါက်တာသန်းသန်းဝင်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၄၉ ။ ။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၌ သဘောတူညီချက်အရ လှိုင်ကော်တက္ကသိုလ်၊ ရူပဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာဝင်းဝင်းခိုင် အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ အပိုဒ် (၈၁) အရ ၂၀၁၇ ခုနှစ်၊ မေလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၅၀ ။ ။ ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ပါမောက္ခ (ဌာနမှူး) ဒေါက်တာဝင်းဝင်းခိုင် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၅၁ ။ ။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၌ သဘောတူညီချက်အရ ရတနာပုံတက္ကသိုလ်၊ ရူပဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာနီနီအေး အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၁) အရ ၂၀၁၇ ခုနှစ်၊ မေလ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၅၂ ။ ။ ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့ နံနက်ပိုင်းမှ စ၍ တွဲဖက်ပါမောက္ခ ဒေါက်တာနီနီအေး အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၅၃ ။ ။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၌ သဘောတူညီချက်အရ ကလေးတက္ကသိုလ်၊ ရူပဗေဒဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာကျော်ဇော အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၁) အရ ၂၀၁၇ ခုနှစ်၊ မေလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၅၄ ။ ။ ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့ နံနက်ပိုင်းမှ စ၍ ပါမောက္ခ(ဌာနမှူး) ဒေါက်တာကျော်ဇော အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

အမှတ် ၅၅ ။ ။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၌ သဘောတူညီချက်အရ ရေနံချောင်းဒီဂရီ ကောလိပ်၊ သင်္ချာဌာနမှ တွဲဖက်ပါမောက္ခ ဒေါ်လှကြည် အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၁) အရ ၂၀၁၇ ခုနှစ်၊ မေလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၅၆ ။ ။ ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တွဲဖက်ပါမောက္ခ ဒေါ်လှကြည် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

အမှတ် ၅၇ ။ ။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၏ သဘောတူညီချက်အရ မန္တလာဒီဂရီကောလိပ်၊ သချ်ာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာတင်တင်အေး အား ၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားခြင်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၁) အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

အမှတ် ၅၈ ။ ။ ပါမောက္ခ(ဌာနမှူး) ဒေါက်တာတင်တင်အေး အား ငြင်းပယ်ထားသည့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်မည့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့မှစ၍ ခံစားခွင့်ပြုပြီးလျှင် ခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှစ၍ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၅၉ ။ ။ ရတနာပုံတက္ကသိုလ်၊ ရူပဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါ်သန်းသန်းလှ အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာ အမှတ် ၁၂/၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၁) အရ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၆၀ ။ ။ ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တွဲဖက်ပါမောက္ခ ဒေါ်သန်းသန်းလှ အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

အမှတ် ၂၂၈ ။ ။ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၏ သဘောတူညီချက်အရ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ဓာတုဗေဒဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာမြမြခိုင် (ရ-၁၀၅၉) အား ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားလာခြင်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၄) ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ပါမောက္ခ(ဌာနမှူး) ဒေါက်တာမြမြခိုင် အား ငြင်းပယ်ထားသည့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) ပြည့်မည့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့စ၍ ခံစားခွင့်ပြုပြီးလျှင် ခွင့်ရက်များကုန်ဆုံးမည့် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

အမှတ် ၂၃၅ ။ ။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၏ သဘောတူညီချက်အရ ပဲခူးတက္ကသိုလ်၊

ဓာတုဗေဒဌာနမှ ကထိက ဒေါ်ဝင်းမာ (ရ-၃၄၃၄) အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၂/ ၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၁) အရ ၂၀၁၇ ခုနှစ်၊ မေလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ဒေါ်ဝင်းမာ အား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၂၃၆ ။ ။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/ ၂၀၁၇) ၌ သဘောတူညီချက်အရ ဟင်္သာတတက္ကသိုလ်၊ ဓာတုဗေဒဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာသိင်္ဂီညို (ရ-၁၃၃၈) အား ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လလျှောက်ထားခြင်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် (၁၂/ ၂၀၁၄) ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ဒေါက်တာသိင်္ဂီညို အား ငြင်းပယ်ထားသည့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ နံနက်ပိုင်းမှစတင် ခံစားခွင့်ပြုပြီး အဆိုပါ ခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၂၃၈ ။ ။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/ ၂၀၁၇) ၌ သဘောတူညီချက်အရ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၊ သင်္ချာဌာနမှ ကထိက ဒေါ်ဝင်းဝင်းမာ (ရ-၂၈၇၉) အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၂/ ၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ အပိုဒ် (၈၁) အရ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ဒေါ်ဝင်းဝင်းမာ အား ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၂၃၉ ။ ။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/ ၂၀၁၇) ၌ သဘောတူညီချက်အရ ပုသိမ်တက္ကသိုလ်၊ သင်္ချာဌာနမှ တပ်မတော်ဆေးတက္ကသိုလ်သို့ တွဲဖက်ထားသော ကထိက ဒေါ်အိ (ရ-၂၁၆၄) အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာ အမှတ် (၁၂/ ၂၀၁၄) ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၁) အရ ၂၀၁၇ ခုနှစ်၊ မေလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ဒေါ်အိ အား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဒေါက်တာသိန်းဝင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အဆင့်မြင့်ပညာဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် ( ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### ဂိုး(လ်)ဒင်းလိုင်ရာ ကုမ္ပဏီလီမိတက်

### (Golden Lyra Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **ဂိုး(လ်)ဒင်းလိုင်ရာ ကုမ္ပဏီလီမိတက်** အား (၁၁. ၁၀. ၂၀၁၇) နေ့မှ စတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ဒေါ်ခင်စောယု **[B.Com (Q), C.P.A]**၊ အမှတ် (၄၉/၅၁)၊ (၇-လွှာ)၊ ၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၄. ၁၁. ၂၀၁၇) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| နန္ဒစည်သူ | ခင်စောယု |
| မန်နေးဂျင်းဒါရိုက်တာ | [B.Com (Q), C.P.A] |
| ဂိုး(လ်)ဒင်းလိုင်ရာ ကုမ္ပဏီလီမိတက်၏ | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | |

**ရေးဒီယင့် မာရီတိုင်း လီမိတက်**

**(Radiance Maritime Limited)**

(အစုရှယ်ယာရှင်များ၏ဆန္ဒအရ ဖျက်သိမ်းဆဲ)

**မြီရှင်များသို့ သတိပေးချက်**

**ရေးဒီယင့် မာရီတိုင်း လီမိတက် (Radiance Maritime Limited)** ဒါရိုက်တာအဖွဲ့၏ (၁၁. ၉. ၂၀၁၇) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရေးဒီယင့် မာရီတိုင်း လီမိတက် (Radiance Maritime Limited)** အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးအောင်သိန်း (တရားလွှတ်တော်ရှေ့နေ) အား ခန့်အပ်ကြောင်း ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ကျွန်ုပ်ထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက်နေ့ နောက်ဆုံးထား၍ သက်သေပြ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်ပါလိပ်စာအတိုင်း တင်ပြတောင်းခံနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

TIN KYAING
Managing Director
Radiance Maritime Limited

ဦးအောင်သိန်း
(B.Econ, D.S, R.L)
တရားလွှတ်တော်ရှေ့နေ (၇၅၉၈)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၆/အေ)၊ မြေညီထပ်၊ အခန်းအမှတ် (၂/၃)၊
နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ

**(Seven Eight Nine Co., Ltd.)** အား

(အစုရှင်များ၏ ဆန္ဒအရစာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

**Seven Eight Nine Co., Ltd.** ၏ နောက်ဆုံးအစည်းအဝေးကို (၁၃. ၁၁. ၂၀၁၇) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီအချိန်တွင် အမှတ် ၂၆၉၊ အညာစုလမ်း၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးကျော်ညွန့်
[B.A, D.S., C.P.A.(R.A)]
အမှတ် ၂၆၉၊ အညာစုလမ်း၊ မရမ်းကုန်းမြို့နယ်၊
ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။

## အက်စ် တီ အက်စ် ကုမ္ပဏီလီမိတက်

ဖျက်သိမ်းရန် ကြေညာချက်

၁။ **အက်စ် တီ အက်စ် ကုမ္ပဏီလီမိတက်** ကိုအစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၂. ၁၀. ၂၀၁၇) နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူး ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင် နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် [၅/ရဉန (နိုင်) ၀၅၅၂၈၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁၁. ၁၁. ၂၀၁၇) နေ့ နောက်ဆုံးထား၍ ဦးဇော်လွင် (စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ) ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

ဦးဝင်းရွှေ
အုပ်ချုပ်မှုဒါရိုက်တာ
အက်စ် တီ အက်စ် ကုမ္ပဏီလီမိတက်

ဦးဇော်လွင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၁၅၃)၊ ပထမထပ် (ညာ)၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

## ပရိုဆော့(ဖ်တ်) မြန်မာ ကုမ္ပဏီလီမိတက်

## PROSOFT MYANMAR COMPANY LIMITED

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သော အစည်းအဝေးဆုံးဖြတ်ချက် (Extraordinary Resolution) အရ **ပရိုဆော့(ဖ်တ်) မြန်မာ ကုမ္ပဏီလီမိတက် (PROSOFT MYANMAR COMPANY LIMITED)** ကို (၆. ၁၀. ၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမင်းလွင်ထူး အထက်တန်းရှေ့နေ (၂၁၂၉၆) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၁၃) ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Daw Ei Ei Wim
Managing Director
Prosoft Myanmar Co., Ltd.

ဦးမင်းလွင်ထူး
(LL.B)
(အထက်တန်းရှေ့နေ) (စဉ်-၂၁၂၉၆)
အမှတ် (၈၃)၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## LOGIC ASSOCIATES CO.,LTD.

(အစုရှင်များ ဆန္ဒအရဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ အပြီးသတ်

နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း

အထက်ဖော်ပြပါ လီမိတက်အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၁၃။ ၁၁။ ၂၀၁၇) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် **(အခန်းအမှတ်-အေ-၁၊ အမှတ်-၃၈၊ ကံ့ကော်မြိုင်လမ်း၊ ပါရမီလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့)** ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

| | |
|---|---|
| MR. ANAND KUMAR DHAKA | ဦးဆန်းထွန်း |
| MANAGING DIRECTOR | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| LOGIC ASSOCIATES CO.,LTD. | (ဖျက်သိမ်းဆဲ) LOGIC ASSOCIATES CO.,LTD. |

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**ဆန်းသစ်လိပ်ပြာခရီးသွား ကုမ္ပဏီလီမိတက်**

## MONARCH TRAVELS & TOURS CO.,LTD.

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ **ဆန်းသစ်လိပ်ပြာခရီးသွား ကုမ္ပဏီလီမိတက် (MONARCH TRAVELS & TOURS CO.,LTD.)** အား ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း **(B.A, C.P.A, F.B.S.A]** လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်နေ့ထက် နောက်မကျစေဘဲ၊ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| DAW YIN YIN SWE | ဦးဆန်းထွန်း |
| Managing Director | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| MONARCH TRAVELS & TOURS CO.,LTD. | (ဖျက်သိမ်းဆဲ)ဆန်းသစ်လိပ်ပြာခရီးသွား ကုမ္ပဏီလီမိတက် |

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**ကုဋေအင်အားဝန်ဆောင်မှု ကုမ္ပဏီလီမိတက်**

**(BILLION POWER SERVICES COMPANY LIMITED)**

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ **ကုဋေအင်အားဝန်ဆောင်မှု ကုမ္ပဏီလီမိတက် (BILLION POWER SERVICES COMPANY LIMITED)** အား ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း **(B.A, C.P.A, F.B.S.A]** လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်နေ့ထက် နောက်မကျစေဘဲ၊ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| U Nyunt Sein | ဦးဆန်းထွန်း |
| Managing Director | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| Billion Power Services Co., Ltd. | ကုဋေအင်အားဝန်ဆောင်မှု ကုမ္ပဏီလီမိတက် |

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**UNISOURCE PIPE VALVES & FITTING CO.,LTD.**

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **UNISOURCE PIPE VALVES & FITTING CO.,LTD.** အား ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် ဦးဆန်းထွန်း **(B.A, C.P.A, F.B.S.A]** လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်နေ့ထက် နောက်မကျစေဘဲ၊ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| Moe Sanda Myo Oo | ဦးဆန်းထွန်း |
| Managing Director | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| Unisource Pipe Valves & Fitting Co., Ltd. | (ဖျက်သိမ်းဆဲ)UNISOURCE PIPE VALVES & FITTING CO.,LTD. |

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ - ၂၀၈ (င) အရ ကြေညာစာ

**ပူးပေါင်းဆက်သွယ်ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်**

**(Integrator Services Co., Ltd.)**

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် အမှတ် (၅၆/ဘီ)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့်အချက်အလက်များရှင်းပြရန်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၅၄)၊ ဒုတိယထပ်၊ ဝေဠုဝန်လမ်းကျယ်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**IN THE MATTER OF THE MYANMAR COMPANIES ACT AND**

**TOYO LOGISTICS (S) PTE., LTD. (YANGON BRANCH )**

**NOTICE FOR VOLUNTARY WINDING UP FOR FINAL MEETING NOTICE**

According to The Myanmar Companies Act under Section 208 (1), notice of Final Meeting for Winding-up of the shareholders at liquidator's office at No.635 (A-1), Room No. B (3), Yoma Yeiktha, Pyay Road, Kamayut Township, Yangon Region, Myanmar at 9:00 AM on 11-11-2017.

Daw Tin Win Yu
Liquidator
FAMAT GROUP
No.635 (A-1), Room No. B (3),
Yoma Yeiktha, Pyay Road,
Kamayut Township, Yangon Region.
Phone : 09 792233159, 01 523327

ပ၊ ထ၊ န - အမှတ် ၆၆၃/၁၆/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၁၀၀/၁၃-၁၀-၂၀၁၇။